# နဂါးနီ

တို့ရှမ်းပြည်
ဦးဘုန်းမြင့်



2018

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

"တို့ရှမ်းပြည်" စာအုပ်ရဲ့ အဓိကရည်ရွယ်ချက်ကတော့
ရှမ်းလူမျိုးတွေဟာ မြန်မာလူမျိုးတွေနဲ့ သီးခြားဖြစ်တည်နေတဲ့ လူမျိုးမဟုတ်ဘူး။
ဒေသအရ ကွဲပြားမှုတွေကြောင့် ကွဲပြားခြားနားတဲ့
ဓလေ့စရိုက်တွေရှိပေမဲ့ ဆက်နွယ်နေတဲ့ လူမျိုးတွေဖြစ်တယ်လို့
အခိုင်အမာ ဆိုထားပါတယ်။

ပထမဆုံးရှမ်းတွေဟာ တရုတ်လူမျိုးမှ ဆင်းသက်လာခဲ့တယ် ဆိုတဲ့အချက်ကို
ငြင်းဆိုထားပါတယ်။

ရှမ်းပြည်နယ်ရဲ့ ပထဝီအနေအထား၊ ယဉ်ကျေးမှုအစဉ်အလာ၊ လူမှုရေး၊
အုပ်ချုပ်ရေး၊ ပညာရေး စသည်ဖြင့် ထောင့်စုံ၊ ဘက်စုံကနေ
တင်ပြရေးသားထားပါတယ်။

ISBN 9789997110121
NGN10
9 789997 110121
2,000.00KS

mgyoe.com

mgyoe.com

တို့ရှမ်းပြည်၊ ဦးအုန်းမြင့်
ပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၁၇၉++ မျက်နှာ၊ ၁၆ စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးဝန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၄၀ နဂါးနီထုတ် ပထမအကြိမ်မူ။

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# တို့ရှမ်းပြည်

## ဦးအုန်းမြင့်

(စောမွန်လှ–စာရေးဆရာ)

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

နှစ်ပေါင်း ၈၀ ဝန်းကျင်ရှိ နဂါးနီစာအုပ်များကို
ပြန်လည်စီစဉ်ရိုက်နှိပ်ကြသည့်အခါ စာရေးသူ ဘာသာပြန်သူတို့၏
ကျန်ရစ်သူ မိသားစုဝင် မူပိုင်ရှင်များအား ရနိုင်သ၍ ဆက်သွယ်ကာ
ခွင့်တောင်းခံခြင်း၊ ဉာဏ်ပူဇော်ခပေးအပ်ခြင်းများ ပြုလုပ်ခဲ့သော်လည်း
အချို့မှာ ဆက်သွယ်ရ ခက်ခဲခဲ့ပါသည်။ သို့ဖြစ်ပါ၍ အခြေအနေအရ
ဆက်သွယ်ခွင့်တောင်းခံခြင်း မပြုနိုင်ခဲ့သည့် ကျန်ရစ်သူ မိသားစုဝင်
စာမူမူပိုင်ခွင့်ဆက်ခံသူများမှ ခွင့်လွှတ်ပါရန်နှင့်
ဉာဏ်ပူဇော်ခပေးအပ်လိုပါသဖြင့် စာအုပ်တိုက်သို့
ကျေးဇူးပြု၍ ဆက်သွယ်ပေးပါရန်
နှုးညွှတ်စွာ မေတ္တာရပ်ခံအပ်ပါသည်။

mgyoe.com

mgyoe.com

## တို့ရှမ်းပြည်

၁၉၄၀ ပြည့်နှစ်ထုတ်

ရှမ်းပြည်နယ်အကြောင်းကို ကိုယ်တွေ့လေ့လာမှု၊ စာတွေ့လေ့လာမှုတွေနဲ့ ရေးသားပြုစုထားတဲ့ စာအုပ်ဖြစ်ပါတယ်။ ပထမဆုံး ရှမ်းတွေဟာ တရုတ်လူမျိုးမှ ဆင်းသက်လာခဲ့တယ် ဆိုတဲ့အချက်ကို ငြင်းဆိုထားပါတယ်။ သီးခြားရပ်တည်လာတဲ့ လူမျိုးဖြစ်တယ်။ ဒါ့ပြင် မြန်မာနဲ့သာ ဆက်နွယ်နေတဲ့ လူမျိုးဖြစ်တယ်လို့ ဆိုပါတယ်။

ရှမ်းပြည်နယ်ရဲ့ ပထဝီအနေအထား၊ ယဉ်ကျေးမှု အစဉ်အလာ၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေး စသည်ဖြင့် ထောင့်စုံ၊ ဘက်စုံကနေ တင်ပြရေးသားထားတာကို တွေ့ကြရတယ်။ ရှမ်းပြည်နယ်ဟာ စော်ဘွားတွေအုပ်ချုပ်တဲ့စနစ်ဖြစ်တယ်။ စော်ဘွားတွေလက်အောက်မှာ နယ်ရှင်တွေရှိတယ်။ နယ်ရှင်တွေလက်အောက်မှာ ဟိန်၊ ထမုံတွေ ရှိကြတယ်။

အင်္ဂလိပ်တွေအုပ်ချုပ်တော့ ဥပဒေ ၁၀ ချက် ထုတ်ပြန်

mgyoe.com

mgyoe.com



ထားတယ်။ ဥပဒေတွေ အများကြီးထုတ်ပြန်ထားရင် နား မလည်နိုင်မှာစိုးလို့ ဆိုပါတယ်။ ရှမ်းလူမျိုးတွေကို အဆင့် နိမ့်ကျတဲ့ လူမျိုးလို့ သတ်မှတ်ထားတယ်။ စော်ဘွားတွေ အုပ်ချုပ်ရေးကို အသိအမှတ် ပြုထားတယ်။ အခွန်အခတွေကို တော့ ပေးဆောင်ရတာပေါ့။ ပြဋ္ဌာန်းထားတဲ့ ဥပဒေထဲမှာ မပါဝင်တဲ့အချက်တွေကို စော်ဘွားတွေက အစဉ်အလာရှိတဲ့ ထုံးတမ်းစဉ်လာတွေနဲ့ စီရင်ဆုံးဖြတ်ပိုင်ခွင့် ပေးထားတယ်။

ရှမ်းတွေဟာ အစားအသောက်၊ အနေအထိုင် အေးဆေး ကြတဲ့လူမျိုးတွေ ဖြစ်ပါတယ်။ ကိုးကွယ်မှုက အများစုဟာ ဗုဒ္ဓဘာသာတွေ ဖြစ်ကြပါတယ်။ ရှမ်းစာပေ သီးခြားရှိပေမဲ့ ပျံ့နှံ့မှု အင်မတန် နည်းပါးတယ်။ စီးပွားရေးကလည်း ဝမ်းစာ အတွက်သာ လုပ်ကိုင်ကြတာ တွေ့ကြရတယ်။ ရှမ်းပြည် ထွက် လက်ဖက်တွေဟာ နိုင်ငံခြားက မနှစ်သက်လို့ နိုင်ငံ ခြား တင်ပို့မှု မရှိသလောက် ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ဟာ ပတ္တမြား၊ ငွေ၊ ဘော် ထွက်ရှိတဲ့ဒေသ လည်း ဖြစ်ပါတယ်။ နမ္မတူ ဘော်တွင်းဟာ အင်္ဂလိပ်တွေ တူးဖော်ခဲ့တဲ့ စီမံကိန်းဖြစ်ပါတယ်။

အခု 'တို့ရှမ်းပြည်' စာအုပ်ရဲ့ အဓိက ရည်ရွယ်ချက် ကတော့ ရှမ်းလူမျိုးတွေဟာ မြန်မာလူမျိုးတွေနဲ့ သီးခြား ဖြစ်တည်နေတဲ့ လူမျိုးမဟုတ်ဘူး။ ဒေသအရ ကွဲပြားမှုတွေ ကြောင့် ကွဲပြားခြားနားတဲ့ ဓလေ့စရိုက်တွေရှိပေမဲ့ ဆက်စပ် နွယ်နေတဲ့ လူမျိုးတွေဖြစ်တယ်လို့ အခိုင်အမာ ဆိုထားပါ တယ်။ ဒါကြောင့် အိန္ဒိယလို၊ တရုတ်လို သီးခြားတည်ရှိ နေတဲ့ လူမျိုးတွေ မဟုတ်မှုဘဲ ပြည်ထောင်စုသားတွေ ဖြစ်

mgyoe.com

mgyoe.com



ကြတယ် ဆိုတဲ့အကြောင်း ပြောဆိုထားတဲ့ စာအုပ် ဖြစ်ပါတယ်။

ပြည်ထောင်စုသားချင်း ဖြစ်တာနဲ့အညီ ရှမ်းတွေရဲ့ ဓလေ့စရိုက်၊ ယဉ်ကျေးမှုတွေ နားလည်စေချင်တဲ့ စေတနာနဲ့ ရေးသားတင်ပြထားတာ ဖြစ်ပါတယ်။ ပြည်ထောင်စုသားချင်း သွေးမကွဲဘဲ ချစ်ကြည်စည်းလုံးစွာ အတူယှဉ်တွဲနေထိုင်ကြဖို့ တိုက်တွန်းထားပါကြောင်း ...။

ဝ

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အာသီသ

ကျွန်ုပ်တို့ သွေးချင်းသားချင်း ဖြစ်ကြသော ရှမ်းဗမာ သွေးစည်းရေးအတွက် အဓိကထား၍ ဤစာအုပ်ကို ထုတ်ဝေခြင်းဖြစ်ကြောင်း။

နဂါးနီ



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


- ◆ စကားချီး (က)
- ◆ တောင်းပန်ချက် (ဏ)
- ◆ ဤစာအုပ်ရေးရာတွင် ကိုးကားဖော်ပြသော စာအုပ်များ (ထ)

၁။ မြန်မာတို့သိကြသော ရှမ်းပြည် ၁

၂။ ရှမ်းပြည်နယ်၏ ရေမြေအနေအထား ၇

၃။ ရှမ်းပြည်နယ်များ ၁၇

၄။ ရှမ်းပြည်နယ်တွင်နေထိုင်သော လူမျိုးများ ၂၂

၅။ ရှမ်းလူမျိုးတို့၏ အသွင်အပြင် ထုံးစံဓလေ့ စိတ်သဘောထား ၃၉

၆။ ရှမ်းပြည်နယ်ရာဇဝင် ၅၄

၇။ ဗြိတိသျှအလံအောက်သို့ ရှမ်းနယ်များ ကျရောက်ပုံ ၆၈

၈။ ရှမ်းပြည်နယ်များ၏ စီရင်အုပ်ချုပ်ရေး ၇၉

၉။ ရှမ်းပြည်နယ်များ အုပ်ချုပ်ရေးအခြေ ၁၀၂

၁၀။ ဥပဒေထူးများ ၁၀၉


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၁။ | ဘဏ္ဍာရေးနှင့် ငွေကြေး | ၁၁၈ |
| ၁၂။ | ရှမ်းပြည်နယ် သစ်တော ဝါးတောများ | ၁၃၄ |
| ၁၃။ | ရှမ်းပြည် တွင်းထွက်သတ္တုများ | ၁၄၀ |
| ၁၄။ | ရှမ်းပြည်နယ် စိုက်ပျိုးရေး | |
| | လက်မှု စက်မှုလုပ်ငန်းနှင့် စီးပွားရေး | ၁၅၀ |
| ၁၅။ | ရှမ်းပြည် ပညာရေး | ၁၆၀ |
| ၁၆။ | ရှမ်းပြည်ဘာသာအယူဝါဒ စာပေနှင့် ယဉ်ကျေးမှုများ | ၁၆၆ |
| ၁၇။ | အံပြီးသတ်မှာတမ်း | ၁၇၆ |


ဝ

mgyoe.com

mgyoe.com

စကားချီး

# မြန်မာလူမျိုးများ မသိမနေအပ်

ရှမ်းပြည်နှင့်မြန်မာပြည်သည် "အိမ်ဦးနှင့် ကြမ်းပြင်၊ ပလ္လင်နှင့် တံကဲကဲ့သို့" ခွဲမရနိုင်အောင် ဆက်စပ်လျက်ရှိသော ပြည်နှစ်ပြည်ဖြစ်၏။

အဘယ့်ကြောင့်နည်း။ မြေပုံကိုကြည့်မည်ဆိုက မြန်မာပြည်နှင့် ရှမ်းပြည်တို့၏ ပထဝီမြေရေ အနေအထားမှာ ခြားနားဖြတ်ပိုင်း၍ တစ်တိုင်းတစ်ပြည်စီ ဖြစ်စေသော အနေအထားမျိုးမဟုတ်။ ကူးသန်း ပေါက်ရောက်လွယ်သော နယ်ခရိုင်နှစ်ရပ် ဆက်စပ်နေဘိသည့် အလား တစ်သားတည်း တစ်ပြင်တည်းကဲ့သို့ရှိနေသည့် ပြည်နှစ်ပြည်သာလျှင် ဖြစ်ပေသည်။

ရာဇဝင်ကြောင်းကို ပြန်ပြောင်း၍ ကြည့်မည် ဆိုလျှင်လည်း ရှေးအတိတ်တော လွန်လေမြင့်ညောင်း နှစ်ပေါင်းများစွာကစ၍ ရှမ်းပြည်နှင့် မြန်မာပြည်ကို စီရင် အုပ်ချုပ် မင်းလုပ်တော်မူသွားသော ပဒေသရာဇ်

mgyoe.com

mgyoe.com



ကေရာဇ်တို့မှာ နှယ်မြစ်မပြား။ သွေးသားမကွဲ ဆက်တွဲနှောင်ချည်၊ နှောင်ညီသားဖ ဖြစ်တော်မူခဲ့ကြသည်သာများချေသည်။

ထို့ကြောင့်လည်း ရှမ်းပညာရှိတစ်ဦးဖြစ်သော အုန်းပေါင် ရတနာသုခမိန်က "ဘဒ္ဒမည်သာ၊ ဤကမ္ဘာဝယ် စဉ်လာကွန့်လှိုင်း၊ သာကီဂိုဏ်းဟု၊ သမိုင်းထိုစိုက်၊ မဇ္ဈေတိုက်မှ မကိုဋ်ဆင့်လောင်း၊ စံရာပြောင်း၍၊ ကောင်းဘူမိ၊ မောပြည်ထိအောင်၊ ခတ္တိယစစ်၊ နေနွယ်မြစ်တို့၊ ဖွင့်လှစ်ဥကင်၊ အောင်ပွဲယင်လျက်" အစရှိသဖြင့် "တကောင်း သဃ်သသရဋ္ဌပြည်ကြီးမှ သာကီနွယ်ရင်း မြန်မာမင်းတို့နှင့် မျိုးချင်းဆက်သွယ်ယှက်နွယ်ပွားစီး၍၊ မောပြည်ကြီး ကိုးပြည်ဆောင်ကို တည်ထောင်ဖန်ဆင်းခြင်း ဖြစ်ကြောင်းနှင့် အုန်းပေါင်ရာဇဝင်၊ မိုးမိတ်ရာဇဝင်၊ သိန္နီရာဇဝင်တို့ အလိုနှင့်အညီ၊ ကုံးသီဖွဲ့စပ်ခဲ့ခြင်း" ဖြစ်ပေသည်။

ထိုမှတစ်ပါး၊ မြန်မာလူမျိုးများနှင့် ရှမ်းလူမျိုးများမှာ မူလဘူတ ပထမရင်းမြစ်၊ စင်စစ်တူခဲ့သော လူမျိုးနှစ်မျိုးဖြစ်သည်နှင့်လျော်စွာ၊ ဘာသာအယူ တူညီနေသည်သာမက၊ ဘာဝအလေ့အလာ၊ ဝါသနာ စရိုက်တို့မှာလည်း ကိုက်ညီထပ်မျှလျက်ရှိသည်ကို တွေ့ရပေသည်။ ဘာသာအယူတူညီခြင်းကို အထူးမှတ်သားရန် မရှိသော်လည်း။ အလေ့အလာဝါသနာ စရိုက် ကိုက်ညီတူမျှနေခြင်းကိုကား များစွာဂရုပြုဖွယ်ပင်ဖြစ်ချေသည်။

အကြောင်းမူကား၊ ကိုးကွယ်ရာ ဘာသာအယူ

mgyoe.com

mgyoe.com



မှာ လူမျိုးချင်း မည်မျှကွဲပြားသော်လည်း၊ မိမိတို့ ယုံကြည်လေးမြတ်ခြင်းကို ပဓာနထား၍ မကွဲမပြား တစ်ပါးတစ်ယူတည်းဖြစ်နိုင်သော်လည်း။ လူမျိုးစဉ်လာ ဝါသနာထုံးစံဓလေ့တို့မှာ လူမျိုးကွဲပြားလျှင်၊ ခြားနား ဆန့်ကျင်ခြင်းမရှိဘဲ မဖြစ်နိုင်သောကြောင့်ပင်တည်း။ ဥပမာအားဖြင့်ဆိုသော်၊ ကုလားနှင့် တရုတ်သည် လူမျိုး ချင်း ကျောနှင့်ရင်ကဲ့သို့ ပြင်ပြင်ကြီး ကွဲလွဲခြားနားသော် လည်း လေးစားယုံကြည်ခြင်းကို အရင်းခံထားလျက်၊ ကုလားကလည်း ဗုဒ္ဓဘာသာ၊ တရုတ်ကလည်း ဗုဒ္ဓ ဘာသာ၊ ယူနိုင်ကိုးကွယ်နိုင်ကြပေသည်။ သို့သော် အစဉ်အလာနှင့် ဝါသနာထုံးစံတို့မှာမူကား၊ ကုလား သည် ကုလား၊ တရုတ်သည်တရုတ်ပင် ဖြစ်သော ကြောင့်။ ကိုးကွယ်ရာ ဘာသာကိုလိုက်၍ စရိုက်တူညီ လာနိုင်သည်မဟုတ်။ အလေ့စရိုက်၊ အကြိုက်မတူ အမူ အကျင့် ကွဲလွဲမြဲပင် ကွဲလွဲနေတတ်ပေသည်။

မြန်မာလူမျိုးနှင့် ရှမ်းလူမျိုးများမှာ လူမျိုး အမည် ပညတ် သတ်မှတ်ခေါ်ဝေါ်ခြင်း ခြားနားရုံမျှသာ၊ ဝါသနာစရိုက် အကြိုက်ထုံးစံ၊ အကြံအကျင့် အားလုံး တို့မှာမူကား လူတစ်မျိုးတည်းကဲ့သို့ပင် ထပ်တူထပ်မျှ ဖြစ်လျက်ရှိနေပေသည်။ ဤအချက်တစ်ချက်သည်ပင် မြန်မာနှင့်ရှမ်း ခွဲခြမ်း၍ မရနိုင်အောင် ဆက်စပ်နေသည့် အချက်ကြီးတစ်ချက် ဖြစ်နေပေတော့သည်။

ကိုးကွယ်ရာဘာသာဘက်မှ ကြည့်ကြပါဦးစို့။ အနောက် နိုင်ငံသား လူမျိုးအရင်းအမြစ်ကို ရှာဖွေသော

mgyoe.com

mgyoe.com



ပညာရှင်နှင့် ရာဇဝင်ဆရာတို့၏ အလိုအားဖြင့် ရှမ်းပြည်နယ်သည် မြန်မာပြည်ထက်အလျင် မဟာယာနဂိုဏ်းမြောက်ပိုင်းဗုဒ္ဓဘာသာကို လက်ခံရရှိသော ပြည်ဖြစ်သော်လည်း ဟိနယာနဂိုဏ်း တောင်ပိုင်းဗုဒ္ဓဘာသာကိုမူကား၊ ဤမြန်မာပြည်ကသာလျှင် အကိုင်းအလက်၊ အခက်အညွန့်၊ ဖြိုးကွန့်ပွားစည်၊ တည်အောင် ပြုစုပျိုးထောင်ပေးခဲ့သော တောင်သူကြီးဖြစ်ခဲ့ပေသည်။ ဤအကြောင်းကို ပုဂံပြည် အနော်ရထာမင်းစော၊ ဟံသာဝတီဆင်ဖြူများရှင် မင်းကြီးတို့၏ သာသနာပြုစုတော်မူခန်းများတွင် အထင်အရှား တွေ့ကြရပေသည်။ ထို့ကြောင့်လည်း ကော့ကရိန်းဖယ်ယာ၊ ဟာဗီစသော အနောက်နိုင်ငံသား ရာဇဝင်ဆရာများက ရှမ်းပြည်နယ်ဗုဒ္ဓဘာသာမှာ မြန်မာပြည် ဗုဒ္ဓဘာသာနှင့် အလားတူအဖြစ်သို့ အထက်အဆိုပါမင်းတို့လက်ထက်တွင်မှ စတင် ပြောင်းလဲလာသည်ဟု ဆိုခြင်းဖြစ်လေသည်။

အထက်ပါအချက်များအပြင်၊ မြန်မာပြည်နှင့် ရှမ်းပြည်နယ်သည် စီးပွားရေးအားဖြင့်လည်း ခွဲခြားပိုင်းဖြတ်၍မရ၊ (ယိုးဒယားအမြွှာ မွေးညီအစ်မကဲ့သို့) တကွနက် ပူးပေါင်း၍ တစ်ကြောင်းတည်း ခရီးသွားနေသည်ကိုတွေ့ရပေသည်။ လူတိုင်းနားလည်ဖွယ် ထင်ရှားသော သက်သေများကိုပြရသော် ရှမ်းလူမျိုးအများတို့၏ အိတ်ဝင်စီးပွားဖြစ်သော စိုက်ပျိုးရေးမှာ မြန်မာလူမျိုးတို့၏ အလယ်တွင်သာ အတွင်ကျယ်ဆုံးဖြစ်နေသည်ကို ပြရပေမည်။ ဥပမာ လက်ဖက်စို လက်ဖက်ခြောက်၊

mgyoe.com

mgyoe.com



လိမ္မော်၊ ရှမ်းဖက် စသည့် အသီးအနှံအရွက်များမှာ ယနေ့တိုင်အောင် မြန်မာပြည် ဘဂ်လားအော်ဆိပ်ကမ်းမှ တစ်လှမ်းတစ်ဖဝါးမျှ မခွာနိုင်ကြသေးပေ။ အချုပ်ကို ဆိုရမူကား ကျွန်ုပ်တို့၏သွေးသား မိလက္ခူ တောင်သူ ရှမ်းအများမှာ မြန်မာများနှင့်သာ စီးပွားဖက် ဖြစ်နေကြရ ပေသည်။

တိုင်းပြည်နှစ်ပြည်၏ ဘဏ္ဍာရေးနှင့် ငွေကြေး ဆက်သွယ်မှုတွင်လည်း ရှမ်းပြည်သည် မြန်မာပြည်မှ လုံးဝခွဲခြား၍ ရပ်နားတည်တန့်နေနိုင်ရန် အကြောင်းမရှိ ချေ။ ဗြိတိသျှအလံအောက်သို့ ကျရောက်သည့် အချိန် ကစ၍ ယနေ့ထက်တိုင် ရှမ်းပြည်ဘဏ္ဍာတွင် မြန်မာ ပြည်က ပါဝင်ထောက်ပံ့ပေးလျက် ရှိနေရပေသည်။

ဤသို့အားဖြင့် နှစ်ပြည့်တစ်ပြည် ဆက်သွယ် လျက်ရှိနေသောကြောင့်၊ မြန်မာပြည်မှာ ရှမ်းပြည်ကို လုံးလုံးလျားလျား ခွဲခြားတည်တံ့ရေးမှာ မျှော်တွေးတိုင်း စိတ်ပျက်ဖွယ်သာဖြစ်၏။

သို့ပင်ဖြစ်လင့်ကစား ရှမ်းပြည်သည် ၁၉၂၂ ခုနှစ်ကစ၍၊ မြန်မာပြည်နှင့် အုပ်ချုပ်ရေးအားဖြင့် ခွဲခြား တည်တံ့လျက်ရှိလေပြီ။ အုပ်ချုပ်ရေးကွဲပြားသော်လည်း ခွဲခြား၍မရနိုင်သော အဆက်အသွယ်များမှာလည်း ဆက်သွယ်မြဲ ဆက်သွယ်လျက်ပင်ရှိနေပေသေးသည်။

ဤသို့ဖြတ်၍လည်းမပြတ်၊ ပြတ်အောင် ဖြတ် လျှင်လည်း မားမတ်တည်တံ့နိုင်ဖွယ်မရှိအောင် ငြိတွယ် ဆက်စပ်နေသောအချက်များကို နှစ်မျိုးသားလုံး စဉ်းစား

mgyoe.com

mgyoe.com



ဆင်ခြင်မိရန် လိုပေသည်။

ထိုအခါ မြန်မာနှင့်ရှမ်းအမျိုးသားတို့မှာ ကွဲပြားသော အုပ်ချုပ်ရေးကြောင့်၊ သွေးဝေးသွားမည့် အန္တရာယ်ကို ရှောင်ဖယ်နိုင်ကြပေလိမ့်မည်။

မြန်မာပြည်နှင့်ရှမ်းပြည်ကို အုပ်ချုပ်ရေး တသီးတခြားစီ လျာထားပေးအပ်ခြင်း၏ အကြောင်းရင်းသော်ကား ရှမ်းပြည်သူပြည်သားတို့မှာ ကိုယ်စားလှယ် ရွေးကောက်တင်မြှောက် အုပ်ချုပ်သော အုပ်ချုပ်ရေးစနစ်နှင့် သင့်လျော်ခြင်းမရှိသေး။ ပညာရေးအားဖြင့် များစွာ အောက်ကျနောက်ကျ ဖြစ်နေသေးသည် ဟူသော ဗြိတိသျှ မြန်မာအစိုးရတို့၏ (Dictum) အဆိုအရ၊ မြန်မာပြည်အုပ်ချုပ်ရေးသစ်မှ ချန်လှပ်ထားခြင်းပင် ဖြစ်ပေသည်။

ထိုမှတစ်ပါး၊ မြန်မာပြည်နှင့် ရှမ်းပြည်နယ်ကို အုပ်ချုပ်ရေး ခွဲခြားပေးအပ်ခြင်းပြုရာ၌ ဗြိတိသျှ မြန်မာပြည် အစိုးရတို့၏ အကြောင်းပြတစ်ရပ်မှာ "မြန်မာလူမျိုးများသည် ရှမ်းလူမျိုးများ၏ အရေးကိစ္စတွင် စိတ်ဝင်စားခြင်း မရှိကြောင်း။ ရှမ်းလူမျိုးများကလည်း မြန်မာလူမျိုးများနှင့် ဆက်သွယ်နီးရင်းလိုသည့်ဆန္ဒ မရှိကြောင်း" စသဖြင့် ဖြစ်လေသည်။

ဤအကြောင်းပြကို ယုံကြည်လိုသူတို့၏ဘက်မှ ယုံကြည်နိုင်ဖွယ်ရှိသော်လည်း။ အကယ်စင်စစ်အားဖြင့်၊ အတိအကျမှန်ကန်သည်ဟူ၍ ယူဆရန် ခက်ခဲလှပေသည်။ အကြောင်းမူကား မျက်မြင်ကိုယ်တွေ့အားဖြင့်

mgyoe.com

mgyoe.com



မြန်မာနှင့်ရှမ်း တစ်လမ်းတည်း တစ်ခရီးတည်း သွားလို သော ရှမ်းအမျိုးသားအများပင် ရှိနေသည့်အပြင်၊ ရှမ်း အမျိုးသားတို့၏အရေး၌ အလေးဂရုပြုနေသော မြန်မာ အမျိုးသားလည်း နည်းပါးသည် မဟုတ်ပေ။

သို့သော် အထက်တွင်ဆိုခဲ့သည့်အတိုင်း အိမ်ဦး နှင့်ကြမ်းပြင် ပလ္လင်နှင့်တံကဲ ကဲ့သို့ ခွဲခြား၍ရဖွယ်မမြင် တစ်ပြင်တစ်စပ်တည်း ဖြစ်နေသော မြန်မာပြည်နှင့် ရှမ်းပြည်၏အဆက်အသွယ်ကို ထောက်စာက၊ မြန်မာ လူမျိုးများ၏ ဂရုစမ္မထားမှုမှာ ယခုတိုင် မလုံလောက် သေးဟု ဆိုရပေမည်။

အဘယ်ကြောင့်နည်း။ ။ မြန်မာပြည်နှင့် ရှမ်း ပြည်နယ်မှာ ကျောခိုင်းနံစပ်ကပ်နေသော နိုင်ငံနှစ်နိုင်ငံ ဖြစ်၏။ လူမျိုးချင်းမှာလည်း "မြန်မာစစ်လျှင် ရှမ်း" ဟူသော ရှေးဟောင်းစကားနှင့်အညီ၊ မြန်မာ ၁၀ ယောက် တွင် တစ်ယောက်သည် ဘိုးဘွားဘီဘင် အစဉ်အဆက် က၊ ရှမ်းသွေးနှောခဲ့သူဖြစ်ရကား ထူးထူးခြားခြား ဆက် သွယ်နီးရင်းလျက်ရှိကြောင်း ထင်ရှား၏။ ထိုသို့ဖြစ်စေ ကာမူ (မြန်မာပြည်သား မြန်မာများအနက်၊ ရှမ်းပြည်နှင့် ရှမ်းလူမျိုးတို့၏အကြောင်းကို ကောင်းစွာလေ့လာသူ အဘယ်မျှရှိပါမည်နည်း ။ ။ ရှမ်းပြည်နှင့်ရှမ်းလူမျိုး တို့၏ သဘောဆန္ဒကို အရိပ်အမြွက်မျှသိသော မြန်မာ အမျိုးသားပင်ရှိပါလေ၏လော။ ရှမ်းပြည်နှင့် ရှမ်းလူမျိုး တို့၏ အကြောင်းအရာကို မြန်မာတို့ မည်မျှနားလည်ပါ သနည်း) ဟူသော မေးခွန်း ၃ ရပ်ကို ဖတ်သူတို့ ကိုယ်

mgyoe.com

mgyoe.com



တိုင် ဆိုင်ရာမိတ်ဆွေသင်္ဂဟတို့အား မေးမြန်းကြည့်ရှုပါက နှစ်ပြည့်တစ်ပြည် ချစ်ကြည် ဆက်သွယ်သည်နှင့် အမျှ မြန်မာတို့က အသိချွတ်ယွင်းချို့တဲ့နေပုံကို ဉသုံ ထင်မြင်လာပေမည်။

မြန်မာပြည်နှင့်ရှမ်းပြည် အုပ်ချုပ်ရေးခွဲခြားခြင်း၏ အကြောင်းရင်းပြဖြစ်သော ဗြိတိသျှမြန်မာပြည်အစိုးရတို့၏ အဆိုစကားကို မြန်မာများ ထောက်ခံလိုပါသလော။ မည်သည့်အဆင်ခြင်နှင့် အမြော်အမြင်ရှိသော သူမျှထောက်ခံလိုကြမည် မဟုတ်ပေ။ ထိုအဆိုစကားကို သာလျှင် အမှားဖြစ်အောင် ငြင်းလိုကြပေမည်။

သို့သော် နှုတ်မှသာငြင်း၍ အကြောင်းရင်းပြနှင့် ကွဲလွဲအောင် မပြုလုပ်ကြပါမူကား၊ (တစ်နည်းအားဖြင့် ထင်ရှားအောင်ဆိုရသော်) "မြန်မာလူမျိုးများသည် ရှမ်းလူမျိုးတို့၏ အရေး၌အလေးဂရုမပြု" ဟူသော အဆိုစကားကို လွဲမှားလေအောင် ရှမ်းပြည်ထောင်၏အရေးကို အလေးမပြု လျစ်လျူရှု၍နေမြဲနေပါမူကား ၎င်းအကြောင်းပြ အဆိုကို မငြိုမငြင် ထောက်ခံရာသာ ကျပေမည်။

ထို့ကြောင့် ကျွန်ုပ်တို့လူမျိုးများသည် ရှမ်းလူမျိုးများနှင့်တကွ တိုင်းရင်းသား တိုင်းရင်းဖွား အခြား ချင်း၊ ကချင်၊ ကရင်၊ ပလောင် တောင်သူတို့၏ အရေး၌ အလေးဂရု တိုးတက်၍ပြုကြပါစို့။

အဘယ်သို့ပြုကြမည်နည်း။ ။ ကျွန်ုပ်တို့သည် ရှမ်းပြည် အမျိုးသားတို့၏အရေး၌ အလေးမူမိစေရန်နှင့် အလေးမူမိသည်နှင့်လျော်စွာ အရာရာအကြောင်းကြောင်း

mgyoe.com

mgyoe.com



၌ ပူးပေါင်းမိစေရန် ထိုနိုင်ငံထိုအမျိုးသားတို့၏ အကြောင်းခြင်းရာကို ကောင်းစွာ လေ့ကျက်သင့်ကြပေသည်။ ထိုသို့ လေ့လာခြင်းမပြုသမျှ သဘောဆန္ဒချင်း မနီးနှောနိုင်၊ နိုင်ငံအချင်းချင်းလည်း ရိုင်းပင်းကူညီရန် မတတ်သာ၊ ကြားလေသွေး ဝေးသွားမည်သာ ဖြစ်ပေတော့သည်။

ထိုအခါမျိုးသို့ ရောက်ရှိလာပါက နှစ်ပြည်ထောင်လုံးမှာ အကျိုးစီးပွားဆုံးရှုံးဖွယ် အချက်များပင်ရှိပေသည်။

ထင်ရှားအောင်ဆိုဦးအံ့။ ။ မြန်မာပြည်သည် မြေထွက် ဥစ္စာရတနာအမြုတေ–ရွှေ ငွေ သိုက်တို့ကြောင့်၊ ဘောဂတိုက်ကြီးနှင့်တူလှ၏ဟု လူမျိုးခြားတို့က ချီးမွမ်းကြရပေသည်။ ထို့ပြင် မြန်မာ့နေဝန်း တောက်ထွန်း ထိန်လင်းစဉ်သမယ ရှေးကာလကလည်း၊ မြန်မာပြည်ကြီးရှင်ဘုရင်ဧကရာဇ်တို့အား "ရွှေတွင်းငွေတွင်း ပယင်း ဒုတ္တာ ရတနာခုနစ်တန် မြင်းပျံ ဆင်ဖြူကို အစိုးရတော်မူသော ..." အစရှိသဖြင့်၊ ချီးကျူးခေါ်ဝေါ် သမုတ်တော်မူခြင်း ပြုခဲ့ရပေသည်။

ထိုသို့ ချီးကျူးခြင်းကို လွန်မင်းသည်ဟူ၍ မဆိုသာ မြန်မာပြည် ဤနိုင်ငံတွင်၊ သယံဇာတ သဘာဝ ဥစ္စာရတနာ အမြုတေရွှေ ငွေ ကျောက်မျက်တို့ဖြင့် ပြည့်နှက်ကြွယ်ဝနေကြောင်းကို ကောင်းစွာသိကြပြီးပင်ဖြစ်ပေသည်။ ပြည်နှင့်စက်ရသော အနဂ္ဃရတနာတို့ကိုလည်း များစွာထုတ်ပေးခဲ့ပေပြီ၊ သွပ်သံရေနံစသော ဓာတ်သတ္တု

mgyoe.com

mgyoe.com



များကိုလည်း၊ အားပါးတရ ထုတ်ပြီး ထုတ်ဆဲပင် ဖြစ်ပေသည်။

သို့သော် ထိုရတနာ ရွှေငွေ အမြုတေ သတ္တုများအနက် ရေနံမှတစ်ပါး အခြားပစ္စည်းတို့မှာ အုပ်ချုပ်ရေးသစ်အရ အုပ်ချုပ်လျက်ရှိသော မြန်မာပြည် အလယ်ပိုင်း အောက်ပိုင်းကွက်ကွက်မှ ထွက်ရှိသည့် ပစ္စည်းများ မဟုတ်ပေ၊ အုပ်ချုပ်ရေးသစ်တွင်မပါ၊ မြန်မာပြည်မှ ခွြင်းချန်ထားသော နယ်များအတွင်း၌သာလျှင် ထွက်သောပစ္စည်းများ ဖြစ်ပေသည်။

မြန်မာပြည်မှာ အဖြီး ခေါင်း အပေါင် အလက်တို့ကို နုတ်ပယ်ထားသော စာသူငယ်၏ ဝမ်းပိုင်းကဲ့သို့ တိုင်းပြည် အလယ်ကွက်ကလေးမျှသာ ကျန်တော့သည် ဖြစ်ရကား၊ များစွာညှိုးချုံးလျက်ရှိတော့သည်ဟု ဆိုရပေမည်။

ပြည်သူပြည်သားတို့မှာ ကောက်ပဲသီးနှံဈေးများ ကျဆင်း အရောင်းအဝယ်ညံ့ဖျင်းသဖြင့် စိုက်ပျိုးရေး လုပ်ခင်းများကို အားမကိုးနိုင်တော့ပေ ပြည်တွင်းထွက် ဥစ္စာရတနာသတ္တုတို့ကို အားကိုးခြင်းပြုရမည်လည်း အုပ်ချုပ်ရေးသစ်အရ အုပ်ချုပ်ပိုင်ခွင့်ရှိသမျှ နယ်မြေတွင်းတွင် မရှိသဖြင့် ပကတိအခက်ပင်ဖြစ်ပေတော့သည်။

မြန်မာပြည်သည် လွတ်လပ်ရေးရပြီ ဆိုပါတော့၊ လွတ်လပ်ရေးစခန်းသို့ တန်းတန်းမတ်မတ် ရောက်ပါပြီဆိုပါတော့၊ လျှော့ခွက်ချည်းဆန်လျက်၊ အလံ

mgyoe.com

mgyoe.com



မလှဲချသော လေ့ဖောင်ကဲ့သို့ လေ့သားတို့ဝမ်းခေါင်၍ နေမည်ဖြစ်ရကား စင်စစ် ဝမ်းမြောက်ဖွယ်ရှိတော့မည် မဟုတ်ပေ၊ "ရွှေကျောင်းပြောင်ပြောင်၊ ဝမ်းဟောင်း ဟောင်း" ဟူသော စကားကဲ့သို့ လွတ်လပ်ရေးအောင်လံ တလူလူဖြင့်၊ ဖြူခါဖြာခါကျနေသော မြန်မာပြည်သာ ဖြစ်ရပေတော့မည်။ ကြွေးတင်–ကျွန်ဖြစ်၊ ဆင်းရဲတွင်း နစ်နေချေက၊ လွတ်လပ်ရေးအစစ်ကို ရကျိုးပင်မနပ်နိုင် တော့ပေ။

ထိုအခါ ကျွန်ုပ်တို့မြန်မာလူမျိုးများနှင့် ရှမ်း၊ ကရင်၊ ကချင်၊ ပလောင် တောင်သူ လူမျိုးများမှာလည်း၊ ဖွတ်ကျော–ပြာစု၊ ခရုဆံကျွတ်၊ လံကွတ်တီ ဝတ်နေရ သော သခင်လူမျိုးများသာလျှင် ဖြစ်ကြရပေတော့မည်။

အထက်ပါတို့ကား၊ မြန်မာလူမျိုးတို့ဘက်မှ ကြည့်၍ရေးသားခြင်းပင်ဖြစ်၏။ ရှမ်း၊ ကချင်၊ ကရင် တို့ဘက်မှ ကြည့်မည်ဆိုပါလျှင်လည်း ထို့ထက် မသက် သာနိုင်ပေ။

ရှမ်း ကချင်–ချင်း တောင်တန်းနယ်ပယ်များကို မြန်မာပြည်မှ ခွဲခြားထုတ်ပယ်ရာ၌ ထိုနယ်ပယ်သားများ သည် ပညာရေးတွင် အောက်ကျနောက်ကျ ရှိနေသေး သဖြင့်၊ ကိုယ်စားလှယ် တင်မြှောက်အုပ်ချုပ်သော အုပ်ချုပ်ရေးစနစ်နှင့် သင့်လျော်ခြင်းမရှိဟုဆို၏။

အောက်ကျနောက်ကျ ဖြစ်နေသဖြင့် တိုးတက် လက်တွေ့သင်ကြားခွင့်မရှိသော်၊ အဘယ်မှာလျှင် တိုးတက်တတ်သိ နားလည်နိုင်ပါတော့မည်နည်း၊

mgyoe.com

mgyoe.com



ရေကူးမတတ်သဖြင့် ရေတွင်ဆင်း၍ ကူးခပ်သင်ကြားခွင့် မရသောသူသည်၊ အဘယ်သို့လျှင် ကူးခပ်တတ်ပါတော့ မည်နည်း၊ ရေကူးတတ်စေရန် ငါတွေ့မဟုတ်ပါဘဲလျက် စာတွေ့ဖြင့် သင်ကြားပေးခြင်းဖြစ်ပါမူ။ အဘယ်ကာလ အဘယ်သမယကျမှ တတ်မြောက်ကြပါမည်နည်း။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို နားလည်စေလိုက ထို စနစ်ကို စမ်းသပ်မပေးသမျှ အဘယ်နည်းဖြင့် လက်တွေ့ သင်ကြားခွင့်ရှိပါမည်နည်း၊ တိုးတက်ကြီးပွားနေသော တိုင်းပြည်နှင့် လူမျိုးများနှင့် ရင်းနှီးစွာဆက်ဆံနိုင်ခွင့်၊ တစ်လှေတည်းစီး တစ်ခရီးတည်းသွားခွင့်မရသော တိုင်း ပြည်ငယ်များသည် အဘယ်သို့လျှင် တိုးတက်ကြီးပွား နိုင်ခွင့် ရရှိပါတော့မည်နည်း။

မည်သည့်နည်းနှင့်မဆို ထိုနိုင်ငံ ထိုလူမျိုးများ မှာ ဓနရှင်စနစ်တည်းဟူသော သမုဒ္ဒရာပြင်ကျယ် လှိုင်း အလယ်၌ သင်္ဘောမှ ကြိုးပြတ်၍ ကျန်ရစ်ခဲ့သော လှေ ငယ်ကဲ့သို့၊ ဘယ်ညာတိမ်းစောင်း မြင့်ညောင်းရှည်ကြာ၊ လိုရာခရီးမှလွဲ၍၊ ဝဲလည်နေကြရန်သာ ရှိပေတော့သည်။

အထက်ပါအကြောင်းများကို ထောက်ထား ဆင်ခြင်သော် အပြင်ပရိယာယ်များကြောင့် ကွဲပြားခြင်း မဖြစ်သင့်၊ မကွဲပြားခဲ့သော လူမျိုးသွေးတူနှစ်ဦးတို့မှာ ပူးပေါင်း ခရီးသွားကြရန်သင့်ပေပြီ။

ထိုသို့ခရီးသွားနိုင်ရန်၊ ကျွန်ုပ်တို့ မြန်မာအမျိုး သားများသည် ရှမ်းအမျိုးသားများနှင့်တကွ အခြား သွေးတူမွေးတူဖြစ်သော ချင်း၊ ကချင်၊ ကရင်၊ ပလောင်

mgyoe.com

mgyoe.com



တောင်သူတို့၏အရေးကို အလေးဂရုပြုကြကုန်စို့။

ထိုသို့ ပြုနိုင်ရန်အတွက် ဤစာအုပ်သည် အထောက်အပံ့ကြီး စင်စစ်ဖြစ်ပေလိမ့်မည်။ လေးလေးစားစား ဖတ်ကြားမှတ်သားမိကြပါစေသတည်း။

စာရေးသူ

၀

mgyoe.com

mgyoe.com



တက္ကသိုလ်ကျောင်း မတ်လ-ဂ-ရက်။ ၁၉၄၁-ခု။

အယ်ဒီတာခင်ဗျား။

လွန်ခဲ့သည့် အနှစ်ကျော်ကာလက နဝါးနီစာအုပ်တိုက်မှ "ရှမ်းပြည်အကြောင်း" စာအုပ်ထုတ်ဝေမည်ဟု ကြော်ငြာသည်ကို တွေ့လိုက်မိသည်ထင်ပါသည်၊ ဝမ်းသာအားရ၊ စောင့်ဆိုင်းမျှော်လင့်နေခဲ့ပါသည်။ ယနေ့တိုင်ပြီ၊ မထွက်သေးပါ၊ ကြော်ငြာသည် ၂၀ နှစ် အတွင်းတွင် တစ်ဖန် "ရှမ်းပြည်" အကြောင်း စာအုပ်ရိုက်နှိပ် ဖြန့်ချိတော့မည်ဟု ထပ်မံကြော်ငြာသည်ကို၊ ဒုတိယပွဲ တွေ့ရှိလိုက်ပါသည်။ ယနေ့တိုင်ဖြစ်ထွန်းခြင်းမရှိ။ ထို့ကြောင့် ဤစာကို ရေးလိုက်ပါသည်။

ဗမာပြည်ရှိ လူများကို မဆိုထားဘိ၊ ရှမ်းပြည်တွင်ရှိ၊ ကျွန်တော်တို့ ရှမ်းများပင်၊ အမေရိကားအကြောင်း၊၊ ရုရှားအကြောင်းကို ရှမ်းပြည်အကြောင်းထက်ပို၍ နားထည်နေပါသည်။ ရှမ်းပြည်အခြေအနေ ဘယ်သို့ အုပ်ချုပ်ရေးစနစ်ထားဘယ်နှစ်၊ ကျွန်တော်တို့ ရေရာစွာမသိကြ။

အဘယ့်ကြောင့်နည်း။ ။ရှမ်းပြည်တွင်စတုဗ္ဗနိုင်ငံခေါ် အတင်းစာမှ၍၊ ဂျာနယ်မဂ္ဂဇင်း၊ လုံးဝမရှိ၊ အစိုးရအင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော အစီရင်ခံစာများရှိသော်လည်း၊၊ "လျှို့ဝှက်သည်" အစိုးရသုံး ဘို့သာတုပိတ်ဆင်ထားသဖြင့်၊ စာတတ်ရှုရ။ ရှမ်းပြည်အကြောင်းစာအုပ် စာတမ်းအားခေါင်းပါးလှသည်၊ မှန်သည်။ ရှမ်းပြည်အကြောင်းစာအုပ် စာတမ်းများပေါ်လာလိုလျှက်နေပေသည်။ အကြောင်းအကျိုးကိုသိမှသာလျှင် တစ်တောင်းအဆိုးကိုဝေဖန်သုံးသပ်နိုင်ပေမည်။ ထို 'အောင်သွယ်' စာအုပ် စာတမ်းများရှိမှသာလျှင်၊ ရှမ်းတို့ ဗမာအသိနိုင်မည်။ သိမှခင်နိုင်မည်။ ယခုတစ္စစ္စအောင်နေကြသော "ညီညွတ်ရေး" အတွက်တစ်အားတစ်ထောင်မည်မှတ်ပါလော။

ထို့ကြောင့်၊ နဝါးနီမှ "ရှမ်းပြည်အကြောင်း" စာအုပ်ဖြန့်ချိမည် ကြားရ၍၊ ဝမ်းမြောက်ခဲ့သည်။ သို့သော်—ယခုထက်ထိမပေါ်လာသေး၍ စိတ်ပျက်ဖြစ်နေသည်။ ရှမ်းပြည်အကျိုး၊ ဗမာပြည်အကျိုး၊ ရှမ်းမြန်မာ ရင်းနှီးသွေးစည်းရေး အကျိုးအတွက်၊ မြော်ကိုးရည်မှန်းလျက် ၂ကြိမ်တိုင်တိုင်ကြော်ငြာခဲ့ဘူးသော၊ ထို 'ရှမ်းပြည်အကြောင်း' စာအုပ်ကို အမြန်ဆုံးရိုက်နှိပ်ဖြန့်ချိပေးပါရန် စေတနာကောင်းဖြင့်၊ တောင်းပန်အပ်ပါသည်။ ရှမ်းနှင့်မြန်မာ ညီညွတ်သွေးစည်း နိုင်ကြပါစေ။

တစ်ဦး (ဥက္ကဋ္ဌ)ရှမ်းပြည်ကျောင်းသားကျောင်းသူများအသင်း၊၊
တက္ကသိုလ်ကျောင်း၊ ရန်ကုန်မြို့။

mgyoe.com

mgyoe.com



## တောင်းပန်ချက်

ဤစာအုပ်တွင် မလွှဲမကင်းသာသော အကြောင်းများကြောင့်၊ အင်္ဂလိပ်ဘာသာ အက္ခရာစာလုံးများကို ထည့်သွင်းသုံးစွဲလိုက်ရပေသည်။ မလွှဲမကင်းသာပုံကား အချို့သော ဒေသန္တရ အသုံးအနှုန်းများမှာ မြန်မာပြည်တွင် အဓိပ္ပာယ်နက် တစ်မျိုးတစ်ဖုံထွက်သော အသုံးအနှုန်းများဖြစ်နေခြင်းနှင့် အချို့သော ဝေါဟာရပညတ်များမှာ မြန်မာတို့ အသံထွက်အားဖြင့် အလွယ်တကူထွက်ဆို၍ မဖြစ်သည့်အလျောက် မြန်မာအက္ခရာများနှင့် ဖော်ပြရန် မဖြစ်နိုင်ခြင်းတို့ကြောင့်ပင် ဖြစ်လေသည်။

အဓိပ္ပာယ်အနက် အနီးဆုံးတိုက်ဆိုင်ရန်နှင့် အသံထွက်အနီးဆုံး တူညီရန်မှာ အင်္ဂလိပ်ဘာသာ အင်္ဂလိပ်အက္ခရာနှင့် ပူးတွဲဖော်ပြခြင်းသာ ဖြစ်နိုင်သော လမ်းရှိပေတော့သည်။

ဥပမာအားဖြင့်ဆိုသော် စော်ဘွားဟူသော မြန်မာအခေါ်မှာ ရှမ်းအခေါ်ကိုလိုက်၍ ခေါ်ခြင်းပင်

mgyoe.com

mgyoe.com



ဖြစ်သော်လည်း ရှမ်းတို့၏ အသံထွက်နှင့် လွန်စွာခြားနား လှပေသည်။ ရှမ်းတို့က (စောက်ဖ) သို့မဟုတ် (စောင်ဖာ) ဟူ၍၊ စောက်နှင့်စောင်၏စပ်ကြားအသံနှင့်၊ ဖနှင့် ဖာ၏ စပ်ကြားအသံထွက်လျက် ခေါ်ဆိုကြသည်ဖြစ်ရာ။ အင်္ဂလိပ် အက္ခရာဖြင့် (Sao-pha) ဟူ၍ ရေးသားသော် မြန်မာအက္ခရာထက်ပို၍ အသံမှန်ကို ရနိုင်ပေသည်။

အခြားအဓိပ္ပာယ်အနက် ခြားနားသော ဒေသန္တရ အခေါ်ကား၊ ရှမ်းဘာသာအားဖြင့် ဟိန်ဟူ၍ခေါ်သော နယ်ပိုင်များပင် ဖြစ်၏။ နယ်ပိုင်၏ ရာထူးမှာ မြန်မာပြည်တွင်ဖြစ်ပါမူ၊ ဆဗ္ဗဒီဝီဇံခေါ် နယ်တစ်ခုကို အုပ်ချုပ်ရသော လစာရအရာရှိဖြစ်သော်လည်း ရှမ်းပြည်နယ်မှာမူကား လစာရ အရာရှိမဟုတ်၊ အခွန်တော်ရာခိုင်နှုန်းရ တိုက်သူကြီးတစ်မျိုးပင် ဖြစ်ပေသည်။

ထိုမှတစ်ပါး ရာထူးအားဖြင့် အမတ်ချုပ်၏ ရာထူးဖြစ်၍ အင်္ဂလိပ် ဘာသာအားဖြင့်လည်း (Chief Minister) ဟူ၍ခေါ်သော အမတ်ကြီးများမှာ၊ အချို့နယ်များတွင် (မြို့ဝန်ကြီး) ဟူ၍ ခေါ်တွင်နေကြလေသည်။ ထိုကဲ့သို့သော ပညတ်မျိုးကို ၎င်းတို့ဒေသန္တရအခေါ် အတိုင်း ခေါ်ဝေါ်သော် မြန်မာတို့၏ အဓိပ္ပာယ်အယူ အဆနှင့် ကွဲလွဲခြားနေရန် အကြောင်းရှိပေသည်။

ဤကဲ့သို့သော အကြောင်းများကို ထောက်သဖြင့် မလွှဲမကင်းသာသော အင်္ဂလိပ်အက္ခရာ ကြားချပ်ထည့်သွင်းမှုများကို ပြုလုပ်လိုက်ရခြင်းဖြစ်ရာ သည်းခံ၍ ဖတ်ရှုကြစေလိုပါကြောင်း။

mgyoe.com

mgyoe.com

## ဤစာအုပ်ရေးရာတွင်
## ကိုးကားဖော်ပြသော စာအုပ်များ

ကျွန်ုပ်သည် ရှမ်းပြည်နယ်တွင် ၇ နှစ်ကျော် ၈ နှစ်ခန့်မျှ နေထိုင်ခဲ့၍ ရှမ်းပြည်နယ်နှင့်စပ်လျဉ်းသော ဗဟုသုတများကို အတော်အသင့် ရမိခဲ့သည်မှန်သော်လည်း ရှမ်းလူမျိုးတို့၏ အရင်းအမြစ်၊ ရှမ်းလူမျိုးတို့၏ ရာဇဝင်၊ ရှမ်းလူမျိုးတို့၏ အတိတ်ကာလ ခရီးစဉ်များကိုကား အခြားစာအုပ်စာတမ်းများ၏ အကူအညီကို မရဘဲနှင့် သိရှိနိုင်ရန် ခဲယဉ်းလှသည် ဖြစ်သောကြောင့် အထောက်အထား အကိုးအကားပြုရသော စာအုပ်အများကိုပင် ရှာဖွေကြည့်ရှုခဲ့ရပေသည်။

ဎင်းတို့မှာ အောက်ပါအတိုင်းဖြစ်ပေသည်။

၁။ ထိုင်းလူမျိုး By Mr.Dodd

၂။ ရှမ်းရာဇဝင်အမြွတ် By Mr.Hallett

၃။ အထက်မြန်မာပြည်နှင့် ရှမ်းနယ်များ၏ ဒေသန္တရ ဗဟုသုတ အဘိဓာန်။

၄။ ရှေးခေတ်တရုတ်ပြည် By Prf. Parker.

၅။ ရှမ်းလူမျိုးတို့အလယ်တွင် By Mr.Colquhoun

၆။ ယူနန်ပြည် By Major Davies

mgyoe.com

mgyoe.com



၇။ အိန္ဒိယပြည်နှင့် အခြားပတ်ဝန်းကျင်နယ်များရှိ ဘာသာစကားများ။ By Capt Forbs

၈။ ရှမ်းလူမျိုးတို့၏အရင်းအမြစ် By Terrien

၉။ မြန်မာပြည်ရာဇဝင်ချုပ် By S.W. Cocks

၁၀။ မြန်မာပြည်ရာဇဝင် G.E.Harvey

၁၁။ ရှမ်းလူမျိုးများ By W.W Cochrane

၁၂။ မှန်နန်းရာဇဝင်တော်ကြီးပထမတွဲ ·

၁၃။ အုန်းပေါင်ရာဇဝင် (သီရိမဟာဓမ္မသင်္ကြံ)

၁၄။ မြန်မာပြည်ဘုရင်ခံနှင့် အိန္ဒိယပြည် အတွင်းဝန်ထံသို့ စော်ဘွားနယ်ရှင်များက တင်သွင်းသောအလွှာများ။

၁၅။ ရှမ်းပြည်နယ်များလက်စွဲဥပဒေ။

၁၆။ ရှမ်းပြည်နယ်များအစီရင်ခံစာ။

၁၇။ မြန်မာပြည် By Sir J.Scott

၁၈။ သီပေါအုန်းပေါင်လေးမြို့။ (ပ-၃-တ) သာသနာပြုစာတမ်းများ။

၁၉။ အိန္ဒိယစတက်ကျူတော်ရီကော်မရှင်အစီရင်ခံစာ။

၂၀။ ၁၉၃၅ ခုနှစ် မြန်မာပြည်အုပ်ချုပ်ရေးဥပဒေ။

၂၁။ မြန်မာပြည်အနက်ဂတ် By F.B.Leach

၂၂။ မိုးမိတ်ရာဇဝင်။

အထက်ပါ စာအုပ်စာတမ်းများအပြင် အခြားအနည်းအများ အကူအညီပေးကြသော မိတ်ဆွေသင်္ဂဟများလည်းရှိသေးသည်ဖြစ်ရာ။ ထိုစာအုပ်ရေးသူများနှင့် မိတ်ဆွေများအား ကျေးဇူးဥပကာရတင်ပါကြောင်း။

အုန်းမြင့်

mgyoe.com

mgyoe.com

## အခန်း [ ၁ ]

# မြန်မာတို့သိကြသော ရှမ်းပြည်

"ရှမ်းကိုးဆယ့် ကိုးစော်ဘွား၊ ထော–တစ်ဆယ့်ပန္နားရာတစ်ပါးနှင့် စော်ဘွားစော်ခံ–"ဟူသော စကားကိုမြန်မာလူမျိုးတိုင်းလိုလိုပင်၊ အငြိမ့် ဇာတ် ရုပ်သေးသဘင်တို့၌ တွင်တွင်ကြီးကြားဖူးနေကြရသဖြင့် ဧရာဝတီမြစ် အရှေ့ဘက်တစ်ဝန်းတွင် ကိုးဆယ့် ကိုးစော်ဘွားတို့စံရာ၊ ရှမ်းရွာ ရှမ်းပြည်နှင့် လောပြည် တစ်ဆယ့်နှစ်နယ်တို့ကျယ်ပြန့်စွာ တည်ရှိနေကြောင်း မြန်မာအပေါင်းသိရှိကြပြီးပင် ဖြစ်ပေသည်။

သို့ကြောင့် ရှမ်းတို့ဒေသ ကမ္ဘောဇသို့ မရောက်ကြဖူးစေကာမူ၊ ယောဘုံ၊ ယောနန်း–ကြငှန်းဥကင် ရာဇပလ္လင်နှင့် နေဝင်ဘုရင်တို့စံရာ၊ ရှမ်းရွာရှမ်းပြည် တစ်ဝန်းသည်ကား များစွာသာယာပေလိမ့်မည် ဟူ၍လည်းကောင်း။ စုလစ်မွန်းချွန်၊ ရောင်ဝှန်ဖွေးဖွေး၊ ရွှေရေးမျက်ချယ်၊ ကြီးငယ်များစွာ၊ စံရာပြာသာဒ်တို့ဖြင့် တလျှပ်လျှပ်တပြောင်ပြောင်၊ အရောင်ချင်းယှက်ကူးလျက်၊ အထူးခမ်းနားပေလိမ့်မည် ဟူ၍လည်းကောင်း၊ ရှမ်းပြည်သူရှမ်းပြည်သားတို့မှာလည်း တောတောင်ဂနိုင်ရိပ်မြိုင်စိမ့်စမ်း ချောက်ကမ်းရေတံခွန်တို့ကြောင့် လွန်သော အအေးဓာတ်ရှိသည်ဖြစ်၍၊ နုမျစ်စိုပြည်၊ အရေအသားဝါဝင်းလျက် အဆင်းလှကြပေ

mgyoe.com

mgyoe.com


လိမ့်မည် ဟူ၍လည်းကောင်း၊ ကောင်းခြင်း–ငါးတန်၊ သုံးဖန်သော လှခြင်းဖြင့်၊ သတင်းဂုဏ်ကြီးခဲ့သော ရှမ်းမင်းသမီး စောမွန်လှတို့၏ အနွယ်၊ ရှမ်းပျိုမယ်ကလေးများမှာလည်း တောကြီးရိပ်သာသယံဇာမြေ ရေဓာတ်ကြောင့်၊ နုဖပ်စင်ကြယ်သောအသား၊ ပါးအို့ကလေးနီနီနှင့် နတ်ကိန္နရီသဏ္ဌာန်ကဲ့သို့ ကြန်အင်္ဂါရှိကြပေလိမ့်မည်ဟူ၍လည်းကောင်း၊ မြန်မာအပေါင်းတို့ ဉာဏ်မျက်စိတွင် ထင်မိမြင်မိကြပေလိမ့်မည်။

အထက်ပါတို့ကား "သိန္နီသီပေါ၊ သာပြန့်ပြောသည့်ကမ္ဘောဇ" ဟူသောဇာတ် ရုပ်သေး အငြိမ့်သဘင်နှင့် ရာဇဝင်စကားတို့ကြောင့် မြန်မာများ၏မျက်စိ၌ ထင်မိမြင်မိသော အာရုံများပင်ဖြစ်ပေသည်။

သို့သော် အချို့သော အနောက်နိုင်ငံထုတ် သတင်းစာဂျာနယ်မဂ္ဂဇင်းနှင့် စာအုပ်စာတမ်းများတွင် တွေ့မြင်ရသော ရှမ်းအမျိုးသားတို့၏ဓာတ်ပုံများကို နှိုင်းယှဉ်ကြည့်ရှုမိသူများမှာမူကား ကြီးမားလှသောဦးရစ်ခေါင်းပေါင်း၊ ပွဖောင်းသော ဘောင်းဘီ၊ ဝေသီသော ခေါင်းစည်းကြိုး၊ ကိုးရိုးကားရားရှိလှသည့် လွယ်အိတ်၊ နက်ချိတ်သောသွား၊ ကြောင်ကျားသောထိုးကွင်းမင်ကြောင်တို့ဖြင့် ရိုင်းယောင်ယောင်အသွင်ကို ထင်မြင်တန်းမှန်းမိကြပေလိမ့်မည်။

ထို့ပြင် မြန်မာပညာရှိ အမတ်ကြီး ဦးပေါ်ဦးကိုယ်တိုင်ကပင်လျှင် ရာဇဝတ်တော်သင့်၍ သိန္နီသို့ ပို့ထားခြင်းကို ခံရစဉ်က ရွှေမြို့တော်ရွှေနန်းတော်ရင်းမှ ခွဲခွာ၍ ဝေးစွာသော ပြည်ခြား၌ သွားရောက်နေထိုင်ခဲ့ရသည့် ဒုက္ခဆင်းရဲတို့ကို မိမိအရှင်ဧကရာဇ်ဘုရင်အား ထင်မြင်ကြင်နာတော်မူစေလိုသောကြောင့်။

"–သံဝဲစွာနှင့်၊ အဲအာပဟူး၊ ယစ်မျိုးမူး၍။ ကျော်ကျူးဌာန၊ ဤဒေသသို့ ရောက်ရမူလျှင်။ ဘယ်သူရှင်လိမ့်–"

အစရှိသဖြင့် နားတော်လျှောက်ရတု–ကဗျာတွင်၊ ထင်ရှားစွာ

mgyoe.com

mgyoe.com


ဖွဲ့ဆိုခဲ့သည်ဖြစ်ရကား။ ခေါင်, ကစော်နှင့်လှော်စာယစ်မူး၊ အပျော်ကြူး နေကြသော ရှမ်းအမျိုးသားတို့၏ စရိုက်အလေ့အလာကို ဘာသာထိုးထိုး ပင် ထင်မြင်ခန့်တွက်မိကြပေလိမ့်မည်။

စင်စစ်အားဖြင့်ကား အမတ်ကြီးဦးပေါ်ဦးမှာ မိမိ၏ဆင်းရဲဒုက္ခ ကို မိမိအရှင်သခင်က ထင်မြင်ကြင်နာစေလိုသော စိတ်ရင်းဖြင့်၊ ရှင်းလင်း ပြတ်သားစွာ ကရုဏာရသဖြစ်အောင် စီကုံးခြင်းပင်ဖြစ်ပေသည်။

ထိုမှတစ်ပါး ရှမ်းလူမျိုးတို့၏ ထုံးတမ်းစဉ်လာ ဝါသနာအလေ့ စရိုက်များနှင့် စပ်လျဉ်း၍၊ အရှေ့ဘက်နိုင်ငံသားတို့၏အကြောင်းကို ရေးသားသော (Athelstan Ridgway Llb) ရှမ်းပြည်အကြောင်းကို ရေးသားသော (Colquhoun)နှင့်ဒေသန္တရပထဝီဝင်တို့ကို ရေးသားသော (Hammerton)တို့၏ အဆိုများအရ၊ ရှမ်းလူမျိုးများသည် တောင်ပေါ် သားပီပီ၊ နက်နီကြောင်ကျားသော ဆေးမှင်များဖြင့်၊ ကြောက်ပါလိလိ ရှိကြလိမ့်မည်ဟူ၍လည်းကောင်း။ စုန်းနတ်ကဝေ ရှုပ်ပွေသော အတတ် ဆန်းတို့ဖြင့် ကြမ်းကြုတ်ရက်စက်ကြလိမ့်မည် ဟူ၍လည်းကောင်း ယောကျ်ား တစ်ယောက်လျှင် မြောက်မြားစွာသော မယားတို့ဖြင့် ကိုယ်ကျင့်တရား များစွာ မရှိဘဲနေကြလိမ့်မည်ဟူ၍လည်းကောင်း၊ မကောင်းသောဘက်ကို အနက်ကောက်လွဲ၍၊ အစွဲမှားမှောက်နေကြပေတော့သည်။

ရှမ်းပြည်ရှမ်းနယ်သို့လည်ပတ်ရောက်ရှိဖူးသူ မဟုတ်ပါက၊ ထို ကဲ့သို့ အထင်လွဲ၍ အစွဲမှားနေခြင်းကို အပြစ် အလျဉ်းမတင်ထိုက်ပါပေ။

ကျွန်ုပ်တို့ မြန်မာလူမျိုးများကိုပင်လျှင် အနောက်နိုင်ငံထုတ် သတင်းစာ ဂျာနယ် မဂ္ဂဇင်းတို့၌ တောတွင်းသားအရိုင်းအစိုင်းဖြစ်လေ ဟန်၊ သဏ္ဌာန်မတင့်တယ်လှသော လမျိုးဝမျိုး ပဒေါင်းမျိုးတို့၏ ဓာတ်ပုံ ဖြင့် အယုံမှားလေအောင် ထည့်သွင်းပြတတ်ကြပေသေးသည်။

ထိုအချက်များအပြင် အထင်နှင့်အမြင် ပါစင်အောင်လွဲမှားနေ

mgyoe.com

mgyoe.com


သောအချက် ရှိပေသေး၏။ ၎င်းကား အခြားမဟုတ်ပေ။ ရှမ်းပြည်နယ်သည် ရွှေ၊ ငွေ၊ သံ၊ သွပ်၊ ခဲစသောဓာတ်သတ္တုအမြုတေ ဥစ္စာသိုက်တို့ဖြင့် ဘောဂတိုက်ကြီးသဖွယ် ပေါကြွယ်သော နိုင်ငံဖြစ်သည်တစ်ကြောင်း။ မိုးလေဝသဥတုဇသမုဋ္ဌာန် မှန်ကန်မျှညီသဖြင့် မြေဆီမြေသြဇာကောင်းမွန်သည့်အလျောက် ဆန်၊ စပါး၊ ကောက်ပဲသီးနှံပေါများသည် တစ်ကြောင်း။ ဤသို့သောအကြောင်းကြောင်းများကြောင့် ရှမ်းပြည်နယ်သူပြည်နယ်သားများမှာ လူချမ်းသာ လူကြွယ်ဝ ဘောဂပြည့်စုံကြသူများချည်း ဖြစ်သည်ဟု မဆိုနိုင်စေကာမူ သင့်တင့်ချောင်လည်စွာ ရှာဖွေစားသောက်နိုင်ကြသူများ ဖြစ်ပေလိမ့်မည်ဟူ၍ ထင်မှတ်နေကြခြင်းပင် ဖြစ်ပေသည်။

ဤသို့အားဖြင့် မြန်မာပြည်ထက် ရှမ်းပြည်နယ်ကပင် သာလွန်ချောင်လည်၍ အကြံအစည်အလုပ်အကိုင် လွယ်ကူလေဟန် ထင်မှတ်မိကြသော အချို့မြန်မာများမှာ ရှမ်းပြည်ရှမ်းနယ်သို့ စွန့်စားသွားရောက်တတ်ကြပေသည်။ သို့သော်၊ ထိုသူများမှာ အထင်နှင့်အမြင် ကွာခြားလျက်များစွာ အခက်အခဲတွေ့ကြပေသည်။

သတင်းကြားနှင့် ကိုယ်တွေ့မျက်မြင်တို့မှာ တစ်ခါတစ်ရံဆန့်ကျင် ကွဲလွဲ၍နေတတ်၏။ ရှမ်းပြည်သို့ ကိုယ်တိုင်ကိုယ်ကြပ် ရောက်ပေါက် လှည့်ပတ်ဖူးသူများသည်လည်းကောင်း ဤစာအုပ်ကို ဖတ်ရှုကြဖူးသူများသည်လည်းကောင်း၊ အများသောမြန်မာတို့၏ စိတ်အထင်၊ ရမ်းဆမိသောဉာဏ်အမြင်တို့မှာ စင်စစ်ဖြစ်ပေါ်တည်နေသော ရှမ်းမြေဒေသ၏အခြင်းအရာများနှင့် ခြားနားကွဲလွဲလျက် ရှိသည်ကို သိကြပေလိမ့်မည်ဖြစ်ကြောင်း။

အကြောင်းမူကား ရှမ်းပြည်နယ်တွင် ဟော်ဘုံဟော်နန်းအခန်းခန်း အဆောင်ဆောင်တို့မှာ ရွှေရောင်ညိုးညီးလျက် ရွှေထီးရွှေနန်းဆန်ပါ

mgyoe.com

mgyoe.com


ပေ၏။ တိုင်းသူပြည်သား ရှမ်းလူမျိုးတို့မှာလည်း မအေးလွန်းမပူလွန်းသော ဥတုသမုဋ္ဌာန်၊ မှန်ကန်သောရာသီမိုးလေ၊ ရေခတ်မြေခတ်ကောင်းတို့၏ အငွေ့ကြောင့် အတွေ့အမြင် တင့်တယ်နုပျိုကြပါပေ၏။

လူမျိုးခြားတို့၏ သတင်းစာ ဂျာနယ် မဂ္ဂဇင်းတို့တွင်ပါသည့် များစွာသော ရှမ်းရုပ်ပုံများကဲ့သို့ ကြောက်ပါးလိလိ–ရိုင်းစိုင်းသော အသွင်အပြင်လည်းမရှိပါပေ။

အဝတ်အဆင် အပြင်ပုံပန်းတို့မှာလည်း ကြမ်းတမ်းရိုင်းပျခြင်း မရှိချေ။ လူမျိုးတို့၏အလေ့စရိုက်အားလျော်စွာ သပ်ရပ်ပါသည်ဟုသာ ဆိုထိုက်ပေသည်။

အယူအဆ ဓလေ့ထုံးစံတို့မှာလည်း မြန်မာလူမျိုးတို့နှင့် အနည်းငယ်မျှ ဆန့်ကျင်ကွဲပြားခြင်းမရှိ။ ပကတိ မြန်မာတို့အမူအရာဝါသနာ စရိုက်အတိုင်းပင်ဖြစ်ပေသည်။

အမှန်အားဖြင့်ကား အချို့သော ထုံးစံဓလေ့အလာ မူရာဟန်ပန်များတွင်သာ ခြားနားချက်ရှိပေသည်။ သို့သော် တောင်နှင့်မြောက်ကဲ့သို့ ဖောက်ပြန်ကွဲလွဲခြင်းမဟုတ်ပေ။ လူချင်းတူသော်လည်း အသက်ရှူချင်းကွဲသည်ဟူသော စကားနှင့်အညီ အတွေးအခေါ်အမြော်အမြင်တို့၌ အလုံးစုံ တစ်ပြင်တစ်သားတည်းကား ဖြစ်နိုင်သည်မဟုတ်ပေ။ သို့သော် မိမိတို့အမြင်အယူနှင့် မတိုက်ဆိုင်သဖြင့် တစ်ပြိုင်တည်းခရီးသွားနိုင်မည် မဟုတ် ဟူ၍မယူဆသာ၊ မိမိတို့ အမြင်အယူနှင့်မညီမျှသဖြင့်၊ ရိုင်းပျသည် ဟူ၍မဆိုသာ၊ ဤစာအုပ်ပါအချက်များသည်ပင်၊ မဆန့်ကျင်သော လူမျိုး နှစ်မျိုးဖြစ်ကြောင်း ထင်ရှားဖော်ပြပေလိမ့်မည်။

ရှမ်းလူမျိုးတို့၏စီးပွားရေးမှာမူကား များစွာ ဝမ်းနည်းဖွယ်ပင် ဖြစ်ပေသည်။

မြန်မာပြည်ထက် ရှမ်းပြည်နယ်သည်အမှန်အားဖြင့် များစွာ

mgyoe.com

mgyoe.com


အရှာအဖွေလွယ်သော ပြည်ဖြစ်သင့်ပေသည်။ လူနေနှင့် မြေအကျယ်အဝန်း များစွာ ချောင်နေပေသေး၏။ မထွန်မယက် မစိုက်မပျိုးရသေးသော မြေယာလွတ်များစွာရှိသေး၏။ အလေ့ပေါက် သစ်ဝါးတို့မှာလည်း များစွာပေါ၏။ ရှမ်းပြည်နယ်မြေကြီးအတွင်းမှ ထွက်သောရတနာသတ္တုဓာတ်သတ္တုတို့ မှာလည်း မကုန်နိုင်မခန်းနိုင်ရှိသေး၏။ မြန်မာပြည်မှာကဲ့သို့ပင် လူမျိုးခြားလူမျိုးကွဲများလည်း လွန်စွာမများသေး၊ သွင်သွင်ဒီးဒီး ဝါးလုံးထိုးစီးနေသော ချောင်းမြောင်းရေတံခွန်များမှ ရေအားဖြင့် လည်သော ဆန်စက် ဆီစက် လွှစက်များလည်း လုံလောက်ရာမှ ပိုလျှံပြီဟုမဆိုနိုင်သေး။

ဤသို့သောအကြောင်းများကြောင့် ရှမ်းပြည်နယ်သည် အမှန်စင်စစ်အားဖြင့် မြန်မာပြည်ထက် ချောင်လည်သင့်၏။ သို့သော်ရှမ်းအမျိုးသားများမှာ မြန်မာလူမျိုးတို့ထက်ထူး၍မသက်သာ၊ အရှာအကြံပို၍ မလွယ်လှ၊ နွမ်းပါးကြသည်သာ ဖြစ်၏။ မြန်မာတို့ကဲ့သို့ပင်တည်း။

သို့သော်၊ ကမ္ဘာ့နိယာမသဘာဝအလျောက် ပေါ်ပေါက်ဖြစ်ထွန်းလာသည့်ရှမ်းရှာရှမ်းပြည်နယ်၏ထူးခြားသော တောတောင်ရေမြေအနေအထားများသည်ကား မည်သည့်နည်းနှင့်မဆို မြန်မာပြည်ထက်ပိုမို၍ သာယာပျော်မြူးဖွယ်ပင်ဖြစ်ပေသည်။

ထိုမှတစ်ပါး။ မြန်မာပြည်တွင် ကိုယ့်မင်းကိုယ့်ချင်း ကိုယ့်အရှင်သနင်းတို့ဖြင့် လွတ်လပ်ခြင်း၏ တံစွန်းနန်းမွှန်ထီးမြတ်တို့ပြုတ်စဲသည့်နောက် မပျောက်မကွယ် အနွယ်အဆက်တို့ ကျန်ရစ်ခဲ့သော ဌာနသည်ကား ရှမ်းပြည်နယ်ပင်ဖြစ်တော့ရကား။ ရှေးမင်းတို့ကျက်သရေနှင့် ရှေးမြန်မာမြေ၏အရိပ်အယောင်ကို ရှမ်းပြည်နယ်ဆောင်၍သာလျှင် တွေ့ကြရပေတော့သည်။

ဝ

mgyoe.com

mgyoe.com

## အခန်း [ ၂ ]
# ရှမ်းပြည်နယ်၏ ရေမြေအနေအထား

ကျွန်ုပ်မှာသီပေါမြို့ ရတနာသီဟာဂျာနယ်တွင် အယ်ဒီတာအလုပ်ကို လက်ခံလုပ်ကိုင်ရန် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ၊ မန္တလေးလားရှိုးသွား ရှမ်းပြည်နယ်တောင်တက်မီးရထားပေါ်တွင် ရောက်ရှိနေလေပြီ။

အရှေ့အနောက်တောင်မြောက်ပတ်လည်၌ မြရည်လိမ်းသကဲ့သို့ စိမ်းစိုညိုမှောင်သော တောတောင်များသည်ကား၊ မီးရထားစီးခရီးသည်တို့အား ရှမ်းပြည်၏သာယာပုံကို အလုံးစုံ ဖော်ပြပေးသကဲ့သို့ ရှိပေတော့၏။

နေ့လယ်အချိန်ခန့်တွင်ပင် မြန်မာပြည်နှင့် ရှမ်းပြည်နယ်စပ်ဖြစ်သော ဝက်ဝံခေါ် မြန်မာတစ်ဝက် ရှမ်းတစ်ဝက်ခန့် နေထိုင်သည့် မြို့ကလေးသို့ မီးရထားဆိုက်လေ၏။ ဦးရစ်ခေါင်းပေါင်းနီနီ၊ အင်္ကျီရောင်နက်ပြာပြာဖြင့် သွားလာနေသော ရှမ်းပုလိပ်သုံးလေးဦးကို ဘူတာရုံတွင် တွေ့မြင်ရသည်နှင့်တစ်ပြိုင်နက် ရှမ်းမြေဘက်သို့ မီးရထားဆိုက်ရောက်နေပြီဟု သတိပေးသကဲ့သို့ ရှိလေတော့သည်။

mgyoe.com

mgyoe.com


မီးရထားသည် ဝက်ဝံမှ ဆက်လက်ခုတ်မောင်း၍ ထွက်ခဲ့ရာ၊ မွန်းလွဲနာရီပြန်တစ်ချက်ခန့်တွင် မြန်မာပြည်ရှိ မီးရထားတံတားများ အနက် အလှဆုံးအကြီးဆုံးနှင့် အမြင့်ဆုံးဖြစ်သော ဂုတ်ထိပ်တံတားကြီး သို့ ဆိုက်ရောက်ခဲ့လေ၏။ ၎င်းတံတားကြီးကားမန္တလေးမှ ၈၃ မိုင် အကွာတွင် တောင်တစ်တောင်မှ တစ်တောင်သို့ ကူးရန် ဂုတ်ထိပ်ချောက် အကြားကိုဖြတ်၍ ဆောက်လုပ်ထားသောကြောင့်။ အနက်ဆုံးချောက်၏ အောက်ခြေမှ အမြင့်ဆုံးတိုင်ထိပ်ထိ ပေပေါင်း ၅၅၀ မြင့်၍၊ တံတား တစ်ဖက်မှအစမှ အဆုံးထိ ပေပေါင်း ၂၂၀၀ ရှည်လျား၏။ ၁၉၂၀ ပြည့်နှစ်တွင် အမေရိကန် ဗိသုကာ ကုမ္ပဏီကြီးတစ်ခုက ပုတ်ပြတ်ယူ၍ ၃ နှစ် တိုင်တိုင် ဆောက်လုပ်ခဲ့ရလေသည်။ တံတားအောက် ချောက် အလယ်ကြားတွင် ရေအားသန်စွာ စီးဆင်းလျက်ရှိသော နန်းဖစီခေါ် စမ်းချောင်းငယ်တစ်ခုကို ရထားပေါ်မှ တွေ့မြင်နိုင်ကြလေသည်။

ထိုဘူတာတွင် အစုန်ရထားနှင့်တွေ့ဆုံရန် ကျွန်ုပ် စီးနင်းလိုက်ပါခဲ့သော အဆန်ရထားသည် အတော်ကြာရပ်ဆိုင်းပေးရ၏။ အစုန် ရထား ဝင်လာပြီးနောက် ဆက်လက်ထွက်ခွာခဲ့ရာ ညနေလေးနာရီသာ သာတွင် ရတနာသီဟဂျာနယ်တိုက် တည်ရှိရာ သီပေါမြို့သို့ ရောက်ရှိ လာတော့သည်။ လမ်းခရီးတစ်လျှောက်တွင်ကား သယံဇာတ သဘာဝ အလျောက် ပေါ်ပေါက်ဖြစ်ထွန်းနေသော ချောက်ကမ်းလျှိုမြောင်၊ တောင် အဆင့်ဆင့်၊ နိမ့်မြင့်ရုံချုပ်၊ တောအထပ်ထပ်ကို ဖြတ်ကျော်၍လာခဲ့ရသည် ဖြစ်ရာ။ သာယာသောတောတောင်၏ ကျက်သရေကြောင့် လွမ်းမိုး ကလေးများ ပင်စွေခဲ့ပေတော့သည်။

ရှမ်းပြည်ကုန်းပြင်မြင့်မှာ ပေပေါင်း ၃၀၀၀ မှ ၄၀၀၀ အထိ များသောအားဖြင့် ပင်လယ်ပြင်မှ အမြင့်ပေတက်လျက်ရှိ၏။ ထိုမျှသော အမြင့်ရှိသော ကုန်းပြင်မြင့်တို့မှာ သဘာဝအားဖြင့် သစ်ဝါးများကောင်း

mgyoe.com

mgyoe.com


စွာ ပေါက်ရောက်နိုင်ခွင့်ရှိ၏။ အထူးသဖြင့်ကား လက်ဖက်ပင်များနှင့် လိမ္မော်ပင်များအတွက် သင့်လျော်သော ရေမြေဥတုအနေအထား ရှိနေပေသည်။

**ရှမ်းပြည်နယ်မြေမျက်နှာ။** ရှမ်းပြည်နယ်များမှာ အနောက်ဘက်တွင် မြန်မာပြည် မြေနိမ့်လွင်ပြင်အရပ်ဒေသများကို အခြေပြုလျက် အရှေ့ဘက်တွင် မဲခေါင်မြစ်သို့တိုင် စွန်းထွက်နေသဖြင့် တြိဂံပုံသဏ္ဍာန်ရှိနေလေသည်။ ကရင်နီအဝင်အပါ ရှမ်းပြည်နယ်မြေများ၏ စတုရန်းမိုင်အကျယ်အဝန်းမှာ ၅၉၉၁၅ မိုင်ဖြစ်၏။ ရှမ်းကုန်းပြင်မြင့်မှာ သိန္နီနယ်၏ အလယ်ပိုင်းလောက်–မြောက်ဘက်မှ အစပြု၍ မန္တလေးအထက် တောင်ကုန်းအရပ်ဒေသသို့တိုင် ကျယ်ပြန့်လျက် မိုးနဲနှင့် မောက်မယ်နယ်စပ်သို့အထိတောင်ဘက်သို့မူကား ကျဉ်းမြောင်းသွားလေသည်။

ရှမ်းပြည်နယ် မြေများအတွင်းရှိ အပြိုင်စီတန်းလျက်ရှိသော တောင်စဉ်တောင်တန်းများမှာ ပေ ၄၀၀၀ မှ ပေ ၅၀၀၀ ထိ အသီးသီးမြင့်ကြ၍၊ တောင်ထိပ်များမှာကား ပေ ၆၀၀၀ မှ ပေ ၇၀၀၀ တိုင်မြင့်ကြလေသည်။

ရှမ်းပြည်နယ်မြေမျက်နှာပြင် ပုံပန်းအနေအထားနှင့် စပ်လျဉ်း၍ အောက်ပါ ဆာကျော့စကော့၏အဆိုထက် တိုတိုကျဉ်းကျဉ်းနှင့် ရှင်းလင်းအောင် ပို၍ဖော်ပြနိုင်မည့်အခြားအဆို မရှိပေ။

"မြန်မာပြည်နှင့် ရှမ်းပြည်နယ်ရှိ မြစ်ကြီးများ၏ တောင်ဘက်သို့ ပြိုင်စတင်စီးဆင်းရာဒေသမှာ တရုတ်ပြည်နှင့် အာသံပြည်အကြားရှိ ဒေသနယ်မြေပင်ဖြစ်ပေသည်။ ပထမအစတွင် ထိုမြစ်ကြီး အချင်းချင်းတို့၏ အရှေ့နှင့်အနောက် လက်ဝဲလက်ယာ အကွာအဝေးသည် လွန်စွာကျဉ်းမြောင်းနီးကပ်လျက် စီးလာသော်လည်း၊ တောင်ဘက်ပိုင်းသို့ရောက်သောအခါ တဖြည်းဖြည်း ကျယ်ပြန့်ဝေးကွာသွားကြသဖြင့် ဘင်္ဂလား

mgyoe.com

mgyoe.com


ပင်လယ်အောက်မှ တရုတ်ပင်လယ်ဝါသို့တိုင် နယ်ပယ်များတွင် ပြန့်ကျဲလျက် ရှိနေကြလေတော့သည်။

"ထိုမြစ်များ အားလုံးပင် ကျဉ်းမြောင်းနက်စောက်သော ချောက်မြောင်ကြားများတစ်လျှောက် စီးဆင်းလာကြ၍၊ ၎င်းတို့အကြားရှိ တောင်နှာမောင်းများမှာလည်း၊ မြစ်များဆုံးသည့်တိုင်အောင် စီတန်းလျက် ရှိကြလေသည်"

"ဤတောင်တန်းများသည် မြစ်ဝှမ်းမြေနိမ့်များ ကျယ်ပြန့်သည့်နေရာတွင် အလိုက်သင့်ကျယ်ပြန့်လျက်ပင်ရှိ၍၊ မြစ်လက်တက်များဖြတ်ကျော်စီးဆင်းသည့် နေရာများတွင် နိမ့်ဆင်းလျှိုးငုပ်လျက် ရှိကြလေသည့်၊ သဏ္ဌာန်အားဖြင့် ငါးကျောရိုးနှင့် အရိုးမြွာများနှင့်တူ၏။ ဤသို့တောင်ရိုးတောင်တန်းများသည် မြစ်ချောင်းတို့ ဖြတ်သန်းစီးဆင်းခြင်းဖြင့် အပြတ်ပြတ်အပိုင်းပိုင်းရှိသော်လည်း တည်နေပုံမှာ တောင်နှင့်မြောက်တန်းလျက်ပင် ရှိကြလေသည်။

**တောင်များ။** ရှမ်းပြည်တွင် အမြင့်ဆုံးသော တောင်ပိုင်း သိန္နီနယ်အတွင်းရှိ လွိုင်လင်းတောင်မှာ ပေပေါင်း ၈၈၄၂ ပေရှိ၏။ အခြားမှတ်သားလောက်သော တောင်များကား ဝနယ် တောင်ကုန်းအရပ်ဒေသရှိ လွိုင်မူတောင်နှင့် ၎င်း၏တောင်ဘက်ရှိ လွိုင်အန်လောင်တောင်များပင်ဖြစ်၍၊ ပေပေါင်း ၇၀၀၀ မျှ အသီးသီး မြင့်ကြလေသည်။ ရှမ်းပြည်တောင်တန်းများမှာ တောင်ဘက်သို့ တဖြည်းဖြည်းနိမ့်ဆင်းသွားပြီးလျှင် ပဲခူးရိုးမတောင်ကဲ့သို့ တောင်နိမ့်များ အဖြစ်သို့ ရောက်ရှိသွားကြလေသည်။

**မြစ်ကြီးငယ်များ။** ရှမ်းပြည်တွင် အကြီးဆုံးနှင့်အရှည်အလျားဆုံးသော မြစ်မှာသံလွင်မြစ်ပင်ဖြစ်၏။ ကမ္ဘာပေါ်ရှိ လှပဆန်းကြယ်သောမြစ်များအနက် တစ်စင်းအပါအဝင်ဖြစ်လေသည်။ ၎င်း၏မြစ်ဖျားမှာလာဆာမြို့မြောက်ဘက်တိဘက်တောင်များတွင် အစပြုသည့် လက္ခဏာ

mgyoe.com

mgyoe.com


ရှိ၏။ အလျားမိုင်ပေါင်း–၁၈၀၀ခန့်ရှိသော်လည်း၊ တောင်နှာမောင်းများမှ အပဟုန်ပြင်းစွာ စီးဆင်းသော ချောင်းမြောင်းများမှတစ်ပါး၊ ကြီးမားသော မြစ်လက်တက်များ မရှိချေ၊ တစ်ဖက်တစ်ချက်ရှိ တောင်နှာမောင်းများမှာ တံတိုင်းနံရံသဖွယ်ကဲ့သို့ တည်ရှိနေသဖြင့်၊ သံလွင်မြစ်ဝှမ်း အချို့အပိုင်းများတွင် နေကိုတစ်နေ့လုံးအဖို့ သုံးလေးနာရီမျှသာ မြင်ကြရ၏။

သို့သော် ဧရာဝတီမြစ်ကဲ့သို့ ရေစီးငြိမ်သက်၍ နက်ဝှမ်းသော နေရာများလည်းရှိ၏။ သောင်းရင်းမြစ်ဝ၏ အောက်ပိုင်းတွင်သာလျှင် ရေတံခွန်များရှိသဖြင့် သင်္ဘောများသွားလာရန်မဖြစ်နိုင်ချေ သံလွင်မြစ်ကြောင်းသည် ရှမ်းပြည်နယ်များအားလုံး၏ အလယ်မကျတကျ အားဖြင့် တစ်လျှောက်လုံး ဖြတ်သန်းစီးဆင်းသောကြောင့် ရှမ်းပြည်သစ်ကုမ္ပဏီများအဖို့ သစ်ချမျှောရန် အသုံးအဝင်ဆုံးမြစ်ဖြစ်လေသည်။

ရှမ်းပြည်နယ်တစ်လျှောက်တွင် ဖြတ်သန်းစီးဆင်းသော သံလွင်မြစ်၏ ရေမျက်နှာပြင် အနိမ့်အမြင့်ခြားနားခြင်းမှာ ပေ(၆၀)မှ ပေ(၇၀)မျှ ပျမ်းမျှရှိ၏။ သို့သော် အချို့နေရာတွင်ပေ ၉၀ မျှပင် ခြားနားခြင်းရှိပြန်လေသည်။ ၎င်း၏မြစ်လက်တက်များမှာ မဲခေါင်မြစ် အနီးတွင် မြစ်ဖျားခံ၍ ကွန်းလုံမြို့ အောက်နားတွင် စီးဝင်သော နမ့်တင်းမြစ်၊ မြောက်ပိုင်းကျိုင်းတုံနယ်နှင့် ဝနယ်များကို ကျော်ဖြတ်စီးဝင်သော နမ့်ခါးမြစ်၊ သံလွင်နှင့် မဲခေါင်အကြားရှိ ရေဝေကုန်းတန်းမှ မြစ်ဖျားခံ၍စီးဝင်သော နမ့်ပန်မြစ်၊ ကရင်နီနယ်စပ်မှ စီးဝင်သော နမ့်တီးမြစ်၊ အောက်ပိုင်းတွင် အနောက်ဘက်မှ စီးဝင်သော ရုံးစလင်းမြစ်၊ အရှေ့ဘက်မှစီးဝင်သော သောင်းရင်းမြစ်၊ မြစ်ဝတွင်စီးဝင်သော ဂျိုင်းမြစ်နှင့်အတ္တရံမြစ်များ ဖြစ်လေသည်။

သံလွင်မြစ်ကို ရှမ်းဘာသာအားဖြင့် နမ့်ကုံးမြစ်ဟုခေါ်၍၊ တရုတ်ဘာသာအားဖြင့် လူကျန်မြစ်ဟု ခေါ်လေသည်။

မဲခေါင်မြစ်မှာ မိုင်ပေါင်း ၂၈၀၀ မျှ ရှိသော်လည်း၊ ရှမ်းပြည်နှင့်

mgyoe.com

mgyoe.com



မိုင်ပေါင်း ၁၂၀ ခန့်မျှသာလျှင် သက်ဆိုင်သည်ဟု ဆိုရပေမည်။ အကြောင်းသော်ကား မိုင်ပေါင်း ၁၂၀ ခန့်မျှ ရှည်လျားသော ပြင်သစ်ပိုင် အင်ဒိုချိုင်းနားနှင့် ရှမ်းပြည်နယ်စပ်တစ်လျှောက်ကို ထိုမြစ်ဝှမ်းအားဖြင့် နယ်နိမိတ်သတ်မှတ်လျက်ရှိသောကြောင့်တည်း။ မဲခေါင်မြစ်ကို လှေသင်္ဘောများကောင်းစွာ သွားလာစုန်ဆန်နိုင်ရန် ပြင်သစ်အစိုးရတို့က အထူးကြိုးပမ်း၍၊ သောင်ဖျက်သင်္ဘောများဖြင့် တူးဖောက်ချဲ့ထွင်ခဲ့ကြလေသည်။

မဲခေါင်မြစ်ကို တရုတ်လူမျိုးတို့က လန်စန် သို့မဟုတ် ချူလုံကျန်မြစ်ဟု ခေါ်၍၊ ရှမ်းလူမျိုးတို့က မယ်ခွန်မြစ်ဟုခေါ်လေသည်။

ရှမ်းပြည်တွင်းသို့ တစ်စိတ်တစ်ပိုင်းခန့်မျှသာ စီးဝင်သော်လည်း မဖော်ပြဘဲမနေအပ်သောမြစ်မှာ နမ့်မောဟုခေါ်သော ရွှေလီမြစ်ပင်ဖြစ်၏။ ၎င်းမြစ်၏ လက်ယာဘက်မြစ်ဖျားပိုင်း လက်ယာဘက်ကမ်းတွင် နမ့်မော မြို့တစ်မြို့တည်ရှိသည်ဖြစ်ရာ၊ ထိုမြို့သည် "မြန်မာအစ တကောင်းက" ဟူ သော စကားနှင့်အလားတူ "ရှမ်းအစ–မိုင်းမောက"ဟု ဆိုလောက်အောင်၊ မောရှမ်းကိုးပြည်ထောင် စတင်တည်ထွန်းရာ ရှေးဟောင်းမြို့တော်ဖြစ်သောကြောင့်၊ ထိုမြို့တည်ရှိရာ နမ့်မောမြစ်မှာလည်း ရှမ်းပြည်ရာဇဝင်တွင် စာတင်ကျန်ရစ်ခဲ့သောမြစ်ဖြစ်လေသည်။

ရှမ်းပြည်မြစ်ကြီးမြစ်ငယ်များအနက် အထင်ရှားဆုံးသောမြစ်ကား သုံးမည်ရသုံးဘွဲ့ခံ မြစ်ငယ်မြစ်ပင် ဖြစ်လေသည်။ ၎င်းမြစ်သည် သိန္နီအရှေ့ဘက် ၂၅ မိုင်ကွာ သံလွင်မြစ်အနီး တောင်ကုန်းများတွင် မြစ်ဖျားခံ၍၊ သိန္နီနယ်ကိုဖြတ်လျက် တောင်ပိုင်နယ်သို့ စီးဝင်ပြီးလျှင် သီပေါနယ်တွင်း၌ တောင်ဘက်သို့ဖြတ်ကျော်စီးဆင်းသွားလေသည်။ ထိုနောက်တစ်ဖန်၊ တောင်ပိုင်းရှမ်းပြည်တွင် ရပ်စောက်နယ်မြောက်ပိုင်းကို ဖြတ်ကျော်လျက် ဧရာဝတီမြစ်အတွင်းသို့ အင်းဝမြို့အထက်နားမှ စီးဝင်

mgyoe.com

mgyoe.com


လေသည်။

အလျားမိုင် ၁၃၀ ခန့်မျှ ရှည်လျား၍ သိန္နီနယ်တွင် ဖြတ်သန်းလာသော မြစ်အထက်ပိုင်းကို နမ့်ထူမြစ်ဟုခေါ်၍ သီပေါနယ်တွင် ဖြတ်သန်းနေသော မြစ်အလယ်ပိုင်းကို ဒုဋ္ဌဝတီ (အုန်းပေါင်ပြည်သီပေါနယ်သား ပညာရှင်များ၏ အလိုအားဖြင့်–တုဋ္ဌဝတီ) ဟုခေါ်ပြီးလျှင်၊ အောက်ပိုင်းအမရပူရနယ်တွင် မြစ်ငယ်မြစ်ဟု ခေါ်ကြလေသည်။

မြစ်ငယ်မြစ်ဟုခေါ်သောအောက်ပိုင်းတွင် လှေငယ်တက်စင်းများ သွားလာစုန်ဆန်ရန် အသုံးဝင်သော်လည်း အထက်ပိုင်းတွင်မူကား မြစ်ကျဉ်းများ ကျောက်ဆောင်များပေါများသောကြောင့် အလျဉ်းအသုံးမဝင်ချေ။ သို့သော် ကြည်လင်အေးမြသော ရေအလျဥ်ဖြင့် တသွင်သွင်စီးဆင်းနေသော တုဋ္ဌဝတီမြစ်မှာ ရှမ်းပြည်နယ်မြောက်ပိုင်း၏ အလှကျက်သရေကို ဆောင်ရာဖြစ်သည်ဟု ဆိုသင့်ပေတော့သည်။

မန္တလေးမှ ဆန်တက်ခုတ်မောင်းလာသော မီးရထားသည် သီပေါမြို့သို့ရောက်လုနီး ဆော်ကြို့ရွာသို့ရောက်သည့်အခါ တုဋ္ဌဝတီမြစ်ကိုပြိုင်၍ လာရသည်ဖြစ်သောကြောင့် ကြည်လင်သော ရေမျက်နှာနှင့် ဝဲယာကမ်းနှစ်ဖက်ရှိ စိမ်းလန်းရောင်စိုမှောင်ညိုသော လိမ္မော်တောများကိုလည်းကောင်း။ မြစ်အတွင်းရှိ တံငါလှေငယ်များကိုလည်းကောင်း မြင်ရသည့်အခါ **"မကရ်းရစ်မြုး× မြမြစ်ဦးဝယ်။ ငါးမှုးတံငါ စီးပွားရှာသည်။ ဇလာဆီးကြို။ သောင်ကြီးခိုလျက် ရေညိုတစ်ပိုက်။ ခြေတိုပိုက်နှင့်။ စရိုက်ရှင်ပျော်။ တောင်တင်ဆော်လျက်။ သံငေါ်သွေးသီ။ ရိုလေးချီ၍။ စီစီစုဝေး။ စုံလင်ကြွေးသည်"** စသဖြင့် စန္ဒကိန္နရီပျို့စပ်ဆိုထားသည့်အတိုင်း အလွမ်းလှိုင်းကြက်ခွပ်ဆင်၍ လွမ်းဆောင်ဘင်ခတ်လောက်အောင် အလွမ်းဓာတ်ပေါ်စေသည့် ရှုမျှော်ခင်းများပင် ဖြစ်သည်ဟု မြွက်ဆိုမိပေတော့သည်။

mgyoe.com

mgyoe.com


**အင်းအိုင်များ။** ရှမ်းပြည်နယ်တွင် တောင်ပေါ်ရေကန်များ အနှံ့အပြားပင်ရှိ၏။ အကြီးဆုံးနှင့် အလှပဆုံးသောအင်းကြီးမှာ အင်းလေးဟုခေါ်သော ညောင်ရွှေအင်းကြီးပင်တည်း။ အရွယ်ပမာဏမှာ မြစ်ကြီးနားနယ်ရှိ အင်းတော်ကြီးခန့်လည်းမရှိ။ ကသာနယ်ရှိ အင်းတော်ထက်လည်းမက စတုရန်းမိုင်ပေါင်း ၇၅ မိုင်ခန့်ရှိလေသည်။ ၎င်းအင်းကြီးသည် ကျူပင်ကိုင်းပင် ဒိုက်သရော ရွှံ့ညွန်တို့ဖြင့် ရောယှက်နေသော ကျွန်းမျောများရှိ၍၊ ၎င်းကျွန်းမျောများပေါ်တွင် အင်းသားလူမျိုးများ အိုးအိမ်ဆောက်လုပ်နေကြလေသည်။

အခြားနာမည်ကြီးသော အင်းမှာ ဝနယ်များ၏ အလယ်ပိုင်း မိုင်းခမြို့၏မြောက်ဘက် မိုင်အနည်းငယ်ကွာ တောင်နှာမောင်းတစ်ခုပေါ်တွင် တည်ရှိသည့် နောင်ခယိုအင်းပင်ဖြစ်၏။ ၎င်းအင်းတွင် ဝနှင့်ရှမ်းလူမျိုးတို့၏ အယူအားဖြင့် ငါးမနေနိုင်၊ ငါးနေခြင်းကို မကြိုက်မနှစ်သက်သော နတ်ရှိသည်ဟု ယုံကြည်ကြ၏။

**ရေတံခွန်များ။** သီပေါမြို့သို့ မီးရထားဝင်လုနီး လမ်းခရီးတွင် အနောက်ဘက်တောင်တန်းကို ရှုမျှော်လိုက်သည့်အခါ တွဲရရွဲဆွဲ၍ထားသော ချည်ဖြူခင်ကဲ့သို့ အမြင်လှပသော နမ့်တုတ်ရေတံခွန်ကို တွေ့ကြရ၏။ ဤရေတံခွန်မှ ရေအားဖြင့် သီပေါမြို့လျှပ်စစ်ဓာတ်မီးစက်ကို လည်စေရန် ရေရဟတ်တပ်ဆင်မည် ကြံစည်ခဲ့ကြဖူးသည်ဟုသိရ၏။ သို့သော် အထမမြောက်ပေ။

ရှမ်းပြည်နယ်သည် တောင်စဉ်တောင်တန်း တောင်ခါးပန်းတို့ကိုဖြတ်သန်းစီးဆင်းသော မြစ်ချောင်းပေါ်များသဖြင့် ရေတံခွန်များ အနှံ့အပြားပင်ရှိ၏။ သီပေါနှင့်ကျောက်မဲ အကြားတွင်ပင် အခြား ရေတံခွန် ၂ ခု ရှိသေး၏။

ရှမ်းပြည်နယ်ရှိရေတံခွန်များအနက် ရေအားကို အများဆုံး

mgyoe.com

mgyoe.com


အသုံးပြုနေသော ရေတံခွန်မှာ မန်ဆန်ရေတံခွန်ကြီးပင် ဖြစ်လေသည်။ ၎င်း မန်ဆန်ရေတံခွန်သည် သီပေါနှင့်လားရှိုးအကြား မန်ဆန်ဘူတာရုံ အနီးတွင်ရှိ၍၊ အမြင့်ပေ ၁၅၀၀ ကျော် ၂၀၀၀ ခန့်မှ အဆင့်ဆင့်စီးကျ လျက်ရှိသည်ကို တွေ့မြင်နိုင်ကြ၏။ အလွန်မြင့်သော တောင်ခါးပန်းတွင် အဆင့်ဆင့်ကျဆင်းသော ရေသံကို ၃–၄ မိုင်ခရီးမှ ကြားကြရ၏။ ၎င်း ရေတံခွန်မှရေဖြင့် (volt. 33,000 Ampere 10,000) အားရှိသော ဒိုင်နမို ကြီးကိုလည်ပတ်စေလျက် နမ္မတူမြို့ရှိ ဘားမားကော်ပိုရေးရှင်းလီမိတက် သတ္တုတွင်းစက်များကို ခုတ်မောင်းထားလေသည်။ ကြည့်ရှု၍မငြီး ကြီးမားဆန်းကြယ်သော ဤရေတံခွန်ကြီးသည်ကား "တောင်သေလာ ကမ်းနိမ့်နှင့်၊ စမ်းစိမ့်တဲ့ဘွေစွန်၊ ချမ်းငြိမ့် ဖွယ်ဟေဝန်တွင် ရေတံခွန် ပြိုင်လို့" ဟူသော ရှမ်းပြည်တောတောင်ဘွဲ့တေးထပ်နှင့် ညီညွတ်လှပါ ပေ၏ဟု တအံ့သြသြ ပြောမြွက်ဖွယ်ရှိပေတော့သည်။

ရာသီဥတု။ သီပေါမြို့သို့ ညနေ ၄ နာရီ ၄ နာရီသာသာ လောက်တွင် ရောက်ရှိ၍ ၃ နာရီခန့်အကြာ ည ၇ နာရီခန့်ရှိလျှင်ပင် ချမ်းအေးသော ရှမ်းပြည်၏ရာသီဥတုသည် မြန်မာပြည်သားဖြစ်သူ ကျွန်ုပ်အား စတင်မိတ်ဖွဲ့ပေတော့၏။ အဝတ်ထူအထပ်ထပ် ပတ်ရစ်ခြုံရုံ ၍ထားသော ကျွန်ုပ်၏ ကိုယ်ကာယမှာ အအေးဓာတ်တိုက်ခိုက်သဖြင့်။ ခိုက်ခိုက်တုန်အောင် ချမ်းစပြုလာလေတော့သည်။ "ဒီလိုနေလို့ အအေးမိ သွားလိမ့်မဗျို့။ လာလာ–မီးလှုံလှည့်"ဟု ရတနာသီဟ စာပုံနှိပ်တိုက်ရှင် က ခေါ်သည့်အခါမှ ကျွန်ုပ်မှာ မီးဖိုအနီးသို့ ထသွားရပေတော့သည်။

စုံစမ်းကြည့်သည့်အခါ ရှမ်းပြည်နယ် ရှမ်းရွာများတွင် တန်ဆောင် မုန်းလမှစ၍ တပေါင်းလတိုင်အောင် အအေးဓာတ်ကို ကာကွယ်နိုင်ရန် နံနက်ပိုင်းညနေပိုင်းများတွင် မီးလင်းဖိုများထည့်၍ မီးလှုံကြရကြောင်း ညအခါတွင် ဝါဂွမ်းများကို ခက်၍ထားသော ဂွမ်းပုံကြီးများကို လွှမ်းခြုံ

mgyoe.com

mgyoe.com


အိပ်ရကြောင်း ရှေးဦးစွာသိရပေတော့သည်။

ဆောင်းဥတုတွင် ဆီးနှင်းများသည် ညနေ ၃ နာရီ ၄ နာရီခန့်မှ စ၍ နံနက် ၈ နာရီ ၉ နာရီတိုင်အောင် ကျတတ်၏။ အချမ်းအေးဆုံးသော ပြာသိုလတွင် သာမိုမီတာပြဒါးချိန် ဒီဂရီ ၂၅ နှင့် ၎င်း၏အောက်သို့ပင် အခါများစွာ ကျဆင်းတတ်လေသည်။

နွေဥတုတွင် ဖာရင်ဟိုက်ဒီဂရီ ၈၀ ထက်၊ ကျော်တတ်ခဲ့လေသည်။ သို့သော် ယခုအခါ၌ ကတ္တရာစေးလမ်းများ များပြားလာခြင်းကြောင့်တစ်ကြောင်း သစ်ကြီးဝါးကြီးများ တဖြည်းဖြည်းနည်းပါးလာသည် တစ်ကြောင်းတို့ကြောင့် အအေးတွင်သာ မသက်သာသည်၊ အပူမှာမူ တိုး၍ပူလာချေပြီ။

မိုးဥတုတွင် မိုးရေသည်းထန်စွာ ရွာသွန်းသည်ဟူ၍မဆိုနိုင်ပေ။ သို့သော် ရွာမိလျှင်ကား ဇွဲတတ်၏။ ပျမ်းမျှမိုးရေချိန်လက်မမှာ ၇၀ နှင့် ၉၀ တိုင်သာရှိပေသည်။ မိုးရေချိန်မများသော်လည်း တောတောင်များကြောင့် စိုစွတ်ထိုင်းမှိုင်းလှ၏။ မိုးသီးများလည်း မကြာမကြာ ကြွေကျတတ်ပေသည်။

၀

mgyoe.com

mgyoe.com

## အခန်း [ ၃ ]
## ရှမ်းပြည်နယ်များ

ကျွန်ုပ်နှင့် တိုက်ရှင်တိုက်သားများသည် အလုပ်အကိုင်အကြောင်းကို ဆက်လက်ဆွေးနွေးနေစဉ် ၉ နာရီ တီးခတ်သံကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ရတနာသီဟာစာပုံနှိပ်တိုက်၏ မြောက်ဘက်တစ်မိုင်ခန့်မှ သာယာငြိမ့်ညောင်းနာပျော်ဖွယ်ကောင်းသော မောင်းသံစည်သံများကို နားစွင့်လိုက်မိလေ၏။ ထိုအသံကား သီပေါမြောက်မြို့ရှိယခုခါ နတ်ရွာစံလွန်လေပြီဖြစ်သော သီပေါစော်ဘွားကြီး၏ စံရာ ဟော်တော်ကြီးအတွင်းရှိနရည်းစင်ပေါ်မှ တီးမှုတ်လိုက်သော နရည်းသံပင်ဖြစ်သည်ဟု သိရ၏။ ပဒေသရာဇ်စော်ဘွားတို့စံရာ ဟော်များတွင် ညနေ ၆ နာရီတွင် တစ်ကြိမ်။ ည ၉ နာရီတွင် တစ်ကြိမ် နာရီဝက်ခန့် အခါတော်နရည်း တီးမှုတ်ဖြေဖျော်မြဲဖြစ်လေသည်။

ထိုအသံကိုကြားရသောအခါ ကျွန်ုပ်တွင် ဟော်နန်းစံစော်ဘွားစော်ခံတို့ စိုးမိုးအုပ်ချုပ် မင်းလုပ်လျက်ရှိသော ရှမ်းပြည်ရှမ်းနယ်များ၏ သာယာပုံ၊ ကျက်သရေရှိပုံ အခြင်းအရာများကို စတင်၍တွေ့ကြုံခံစားရလေပြီဟု ဝမ်းမြောက်နှစ်သိမ့်မိလေတော့သည်။

mgyoe.com

mgyoe.com


ပဒေသရာဇ်ရှမ်းပြည်နယ်မြေစု။ ကောင်စီအစည်းအဝေးတွင် အိန္ဒိယပြည်ဘုရင်ခံချုပ်ကြီးက ရှမ်းပြည်နယ်ရှင်များ၏ သဘောတူညီချက်အရ အမိန့်ခွင့်ပြုသဖြင့် မြန်မာပြည်ဒုတိယဘုရင်ခံက ၁၉၂၂ခု အောက်တိုဘာလ တစ်ရက်နေ့က အစပြု၍ ပဒေသရာဇ် ရှမ်းပြည်နယ်မြေစု (Federated Shan States) ဟု ခေါ်တွင်သတ်မှတ်လိုက်သော နယ်များမှာ အောက်ပါအတိုင်း၊ စုစုပေါင်း၄၅–နယ်ရှိခဲ့ကြောင်း။

မြောက်ပိုင်းနယ်များ

သီပေါမြို့နယ်**
မြောက်သိန္နီနယ်**
တောင်ပိုင်နယ်**
မိုးမိတ်နယ်**
တောင်သိန္နီနယ်**
မိုင်းလန်းနယ်**
လားရှိုးနယ်*

တောင်ပိုင်းနယ်များ

ကျိုင်းတုံနယ်**
မိုင်းစိတ်နယ်**
မိုးနဲနယ်**
ကြေးသီးမန်ဆန်နယ်
ညောင်ရွှေနယ်**
ဘော်နင်းနယ်
မိုးဗြဲနယ်**
လွယ်လုံနယ်

mgyoe.com

mgyoe.com


ရပ်စောက်နယ်**
သထုံနယ်
လဲချားနယ်**
ဘန်းရင်နယ်
မောက်မယ်နယ်**
ဟိုပုံးနယ်
မိုင်းပန်နယ်**
မိုင်းပွန်နယ်**
နမ်းခုတ်နယ်
စကွဲနယ်
စကားနယ်**
မိုင်းစုနယ်
နောင်မွန်နယ်
ကျိုင်းလန်းနယ်
မိုင်းနောင်နယ်
သာမိုင်းခန်းနယ်
မိုင်းကိုင်နယ်
ပွေးလှနယ်
ဘော်နယ်
လွယ်မော်နယ်
ရေငန်နယ်
ကျုံနယ်
ပင်းတယနယ်
နမ်းတုတ်နယ်

mgyoe.com

mgyoe.com


ပင်မှိနယ်
တောင်ကြီးနယ်*
ကျောက်ကူနယ်
လွယ်လင်နယ်*
လွယ်အေးနယ်
ကလောနယ်*

ပဒေသရာဇ်ရှမ်းပြည်နယ်မြေစုတွင် ဤသို့အားဖြင့် နယ်ပေါင်း ၄၅နယ်ပါဝင်စေခဲ့သော်လည်း။ တိုင်းရင်းသားစော်ဘွားမြို့စားငွေခွန်မှူး တို့အုပ်ချုပ်သော နယ်မှာ၄၁နယ်မျှသာရှိ၏။

*ဤအမှတ်ပြထားသော လားရှိုး – တောင်ကြီး စသောမြို့နယ်များမှာ ပဒေသရာဇ်နယ်မြေစုတွင် ပါဝင်သော်လည်း၊ ၁၈၉၈ ခုနှစ် မြန်မာပြည်မြူနီစီပယ်အက်ဥပဒေ။ ၁၉၀၇ ခုနှစ် မြန်မာပြည် မြို့ပြအက်ဥပဒေများအရ၊ မြို့ပြဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ရေး အချို့အဝက်ကို မြို့ပြဆိုင်ရာကော်မတီများက စီမံအုပ်ချုပ်ခွင့် ရရှိနေသော မြို့များဖြစ်၍၊ တိုင်းရင်းသား စော်ဘွားမြို့စားစသည်တို့ အုပ်ချုပ်ပိုင်ဆိုင်သည့် မြို့များ မဟုတ်ချေ။

"ရှမ်းကိုးဆယ့်ကိုးစော်ဘွား" ဟူ၍ ပြောစမှတ်ပြုနေကြသော်လည်း။ ပဒေသရာဇ်နယ်မြေစုအဖြစ် စုရုံးဖွဲ့စည်းထားသော အထက်ပါ တိုင်းရင်းသားစော်ဘွားမြို့စားတို့အုပ်ချုပ်သည့် နယ်၄၁နယ်တွင်ပင် အုပ်ချုပ်သော နယ်ရှင်များမှာ အားလုံးစော်ဘွား အဆင့်အတန်းဘွဲ့ထူးရကြသည်မဟုတ်။

**ဤအမှတ်အသားပြထားသော နယ်ကြီး၁၅နယ်၌ သာလျှင် စော်ဘွားအဆင့်အတန်းရာထူးရှိသည့် နယ်ရှင်များ အုပ်ချုပ်လျက်ရှိ၏။

mgyoe.com

mgyoe.com


နယ်များ၏ အကျယ်အဝန်း၊ လူဦးရေ၊ အခွန်တော်အနည်းအများကိုလိုက်၍ (၁) စော်ဘွား၊ (၂) မြို့စား၊ (၃) ငွေခွန်မှူး ဟူ၍ အုပ်ချုပ်သော နယ်ရှင်သုံးဆင့်သုံးစားရှိ၏။ နယ်များ၏ အကြီးအငယ် အကျဉ်းအကျယ်မှာလည်း မတူကွဲပြား လွန်စွာပင်ခြားနားကြ၏။ အကြီးဆုံး နယ်မှာကျိုင်းတုံနယ်ဖြစ်၍ ၎င်း၏အကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၁၂၄၀၀ မြောက်ပိုင်း သိန္နီနယ်၏အကျယ်အဝန်း ၆၂၄၀။ သီပေါ၏ အကျယ်အဝန်း ၄၅၉၁။ နယ်အငယ်ဆုံးဖြစ်သော ကျုံနယ်၏ အကျယ်အဝန်း စတုရန်းမိုင် ၂၄။ ဘော်နင်း၏အကျယ်အဝန်း ၃၉ အသီးသီးဖြစ်ကြ၏။

ဗြိတိသျှအစိုးရ အုပ်ချုပ်သည့်နောက် ၎င်း၏လက်မှလွှတ်၍ လွှဲပြောင်းပေးသည့်နယ်များမှာ တရုတ်ပြည်အစိုးရသို့ ပေးအပ်လိုက်သည့် ကျိုင်းဟန်နှင့်မိုင်းလင်နယ်၊ ပြင်သစ်အစိုးရသို့ ပေးအပ်လိုက်သည့် ကျိုင်းချင်နယ်တစ်ပိုင်း၊ ယိုးဒယားအစိုးရသို့ ပေးအပ်လိုက်သည့် ချန်ဆင်နယ်များဖြစ်လေသည်။

**ကရင်နီနယ်များ။** အနောက်ပိုင်းနှင့် အရှေ့ပိုင်း ကရင်နီတွင် ပါဝင်သောနယ်များမှာ ဗြိတိသျှအိန္ဒိယတွင် အပါအဝင်မဟုတ်သောကြောင့် မြန်မာပြည်နှင့် ရှမ်းပြည်တွင်အတည်ဖြစ်သော မည်သည့်လော ဥပဒေနှင့်မျှ သက်ဆိုင်ခြင်းမရှိကြောင်း ငြိမ်းချမ်းရေးတရားစီရင်ခွင့်ကိုသာ တောင်ပိုင်းရှမ်းပြည်အရေးပိုင်ဖြစ်သော တိုင်းရေးပြည်ရေးအရာရှိက ရရှိကြောင်း၊ ဤသို့ရှမ်းပြည်နယ်မြေစုမှသီးခြားဖြစ်နေသည်နှင့်အညီ ဤနယ်၏အကြောင်းကို ဤမျှနှင့်ပင် ရပ်တန့်ရပေမည်။

o

mgyoe.com

mgyoe.com

## အခန်း [ ၄ ]
# ရှမ်းပြည်နယ်တွင်နေထိုင်သော လူမျိုးများ

အိပ်ရာမှထပြီးနောက် ခိုက်ခိုက်တုန်အောင်ချမ်းလှသဖြင့်။ နံနက် ၆ နာရီခွဲလောက်တွင် ကျွန်ုပ်မှာ ငွမ်းစောင်ကြီးကို ဖိုသီဖတ်သီ ခြုံရုံလျက်၊ မီးဖိုအနီးတွင် လက်ဖက်ရည်ကြမ်းနှင့် ရှမ်းပဲပုပ်ကို မြည်းလျက် ရှိ၏။ လက်ဖက်ရည်မှာ ရှမ်းပြည်အလေ့အတိုင်း မြေအိုးကင်းပက်ပက် တွင် မီးသင်းလျက်လှော်ထားသော လက်ဖက်ခြောက်ကိုခတ်ထားသဖြင့် ကျွန်ုပ်၏လျှာတွင် အရသာမပေါ်ဖြစ်နေတော့၏။

၇ နာရီခန့်တွင် မှန်ရှေ့၌ ခေါင်းပေါင်းလျက်ရှိသော ရတနာ သီဟ ပုံနှိပ်တိုက်ရှင်က ကျွန်ုပ်အားလှမ်း၍ "ဖျို့–ကိုဟိုဒင်းအဝတ်လဲဗျာ။ ဈေးထဲကို လျှောက်လည်ရအောင်" ဟုခေါ်ရာ။ ကျွန်ုပ်မှာ နာရီကိုမော့ ကြည့်ပြီးလျှင် –

"ဟာ–စောလွန်းလှချေကလားဗျ" ဟု ပြန်ပြောမိလေသည်။

"ဘယ်စောမလဲဗျာ၊ တော်တော်ကြာ ဈေးကွဲသွားလိမ့်မယ်။ ခင်ဗျားက ရန်ကုန်–မန္တလေးဈေးတွေလို အောက်မေ့နေသလား။ ကျုပ်တို့ ဆီမှာ ခပ်စောစောပဲ ဈေးဖွင့်ရောင်းသူရောင်း၊ ဝယ်သူဝယ်လုပ်ကြတယ်"

mgyoe.com

mgyoe.com


ထိုအခါမှ ကျွန်ုပ်၏စိတ်တွင်(မြန်မာစော၊ ရှမ်းတောပြန်)ဟူသော စကားပုံကိုပြေး၍ သတိရမိလေ၏။

ဈေးသို့ရောက်သွားသောအခါ၊ ကျွန်ုပ်၏မျက်စိ၌ မြင်မြင်သမျှ အထူးအဆန်းဖြစ်နေတော့၏။ ဈေး၏နောက်ကျောဘက်ဖြစ်သော လမ်းမကြီးတစ်လျှောက်တွင် ခွာသံများတခေါက်ခေါက် ခလောက်သံများ တဒင်ဒင်နှင့် ဝန်တင်လျက်ရှိသော လားအကောင်ပေါင်းများစွာကို ထိန်းကျောင်းမောင်းနှင်လိုက်ပါလာသည့် မိုင်းသာတရုတ်များကို ရှေးဦးစွာ အာရုံစိုက်မိပြီးလျှင်၊ ဈေးဝင်းပတ်ဝန်းကျင်အနီးတွင် တစ်သက်လျာပတ်လုံး ရေမိုးမချိုးခေါင်းမလျှော်သဖြင့် ကြေးညှော်အထပ်ထပ်ညစ်ပတ်ပေကျံသော ကိုယ်လက်အကွက်မထင် အဆင်မပေါ်တော့သည့် မလုံ့တလုံ အဝတ်အစားတို့ဖြင့် များစွာဆင်းရဲနွမ်းပါးဟန်ရှိသော လလူမျိုး ဝလူမျိုးများကို ထပ်မံ၍ သတိပြုမိပြန်လေသည်။

ဤတွင် ကျွန်ုပ်မှာ ရှမ်းပြည်နယ်တွင် နေထိုင်ကြသော လူမျိုးများ၏ အရေးကို မေးမြန်းလေ့လာမိပြန်တော့၏။

ရှမ်းပြည်နယ်တွင် ရှမ်းလူမျိုးအများဆုံးဖြစ်ကြောင်းကိုကား အထူး ထုတ်ဖော်ရေးသားရန်မလိုပေ။ ရှမ်းလူမျိုးများအပြင် အခြား တိုင်းရင်းသားလူမျိုးများမှာ ကရင်၊ ကချင်၊ ပလောင်၊ တောင်သူ၊ တောင်ရိုး၊ အင်းသား၊ ဓနု၊ ကဒူး၊ လဟူ၊ လီရှော၊ အခါး (သို့မဟုတ်) ကော်၊ လ၊ ဝ၊ ဓနော်၊ မိုင်းသာ၊ မြင်း–ဟူ၍ လူမျိုးအများပင်ရှိသော်လည်း ၎င်းလူမျိုးတို့၏ အကြောင်းအရာများကို လုံလောက်အောင် ဖော်ပြရန် နေရာရမည် မဟုတ်ပေ။

**ရှမ်းပြည်နယ်လူဦးရေ။** ရှမ်းပြည်တစ်ဝန်းလုံး၏ လူဦးရေမှာ ၁၅၉၂၉၈၆ ရှိသည်ဟု ၁၉၃၁ ခုနှစ် သန်းခေါင်စာရင်းအရ သိမှတ်ရလေသည်။

mgyoe.com

mgyoe.com


**ရှမ်းလူမျိုးများ။** ရှမ်းလူမျိုးတို့၏ အမျိုးသားအမည်ပညတ်မှာတိုင်း Tai ဟူ၍ဖြစ်၏။ ၎င်းတို့အချင်းချင်းပြောဆိုကြရာ၌ ရှမ်းဟူသော လူမျိုးအမည် ပညတ်ကို အသုံးမပြုကြချေ။ ဥပမာအားဖြင့်ဆိုသော် မွန်လူမျိုးများကို မြန်မာနှင့်အခြားလူမျိုးတို့က တလိုင်းဟူ၍ မှတ်သားခေါ်ဝေါ်နေကြသော်လည်း ၎င်းတို့အချင်းချင်းမှာ အမျိုးသားအမည် ပညတ်ရင်းဖြစ်သော မွန်အမည်ပညတ်နှင့်ပင် ခေါ်ဝေါ်ကြသကဲ့သို့တည်း။

တိုင်းဟူ၍ ခေါ်ဝေါ်ခြင်းအကြောင်းရင်းနှင့် စပ်လျဉ်း၍ အယူအဆ အမှတ်အသား ခြားနားကွဲလွဲခြင်းရှိသော်လည်း။ ဂုဏ်ယူမှည့်ခေါ်သော အမည်ပညတ်ဖြစ်သည်ဟူ၍ကား။ အမှတ်အသား ညီညွတ်ကြလေသည်။

တိုင်းဟူသော အမည်ပညတ်နှင့်စပ်လျဉ်း၍ Captain Forbs ဆိုသော ပုဂ္ဂိုလ်က အောက်ပါအတိုင်း ဆိုလေသည်။

**(တိုင်း) ဟူသော ဝေါဟာရစကားများ၏ အဓိပ္ပာယ်မှာ လွတ်လပ်ခြင်း လွတ်မြောက်ခံခြင်းဟူ၍ဖြစ်ကြောင်း။ ဤအမျိုးသား အမည်ပညတ်ကို ယိုးဒယားလူမျိုးများမှတစ်ပါး အခြားရှမ်းအမျိုးကွဲအားလုံးတို့က အသုံးပြုကြကြောင်း။ ယိုးဒယားလူမျိုးတို့ကမူ မိမိတို့အမျိုးကို ထိုင်း Tai ဟူ၍ ဟထိုးသံပါဝင်စေလျက် ခေါ်ဝေါ်ကြကြောင်း။**

အထက်ပါအဆိုအရ လွတ်လပ်သော လွတ်မြောက်သောလူမျိုးဟူ၍ ခေါ်ဆိုခြင်းဖြစ်သည်ဟု မှတ်ရပေမည်။

သို့သော် အခြားအယူအဆကွဲ တစ်ရပ်ရှိပေသေး၏။ ၎င်းကား၊ ကွယ်လွန်ပေပြီဖြစ်သော ကျောက်စာဝန်တော်စိန်ခို၏ အယူအဆပင်ဖြစ်ပေသည်။ ၎င်း၏အဆိုမှာ အောက်ပါအတိုင်းဖြစ်၏။

mgyoe.com

mgyoe.com


"(တိုင်း)ဟူသော ဝေါဟာရစကားမှာ ကန်တုန်နီဘာသာ သီးခြားစကားဖြစ်ကြောင်း။ ကန်တုန်နီဘာသာ (တိုင်း) ဟူသော စကားလုံးသည် ယူနန်နီဘာသာ (တာ) ဟူသောစကားနှင့် အဓိပ္ပာယ်ချင်း တူညီ၍၊ စကားနှစ်လုံးလုံး၏ အဓိပ္ပာယ်မှာ ကြီးမြတ်ခြင်း ကြီးကဲခြင်း ဟူ၍ဖြစ်ကြောင်း။ ကျွန်ုပ်သည် ရှမ်းလူမျိုးတို့၏ ပထမပြည်ရင်းတစ်ပြည် ဖြစ်သော နန်းချောက် Nanchao ပြည်၏ တရုတ်ဘာသာရေး ရာဇဝင် တစ်စောင်ကိုရရှိခဲ့ရာ ၎င်းစာစောင်တွင် ခရစ်သက္ကရာဇ် ၇၀၀ မှ ၁၁၀၀ တိုင် အချိန်ကာလအတွင်း ရှမ်းလူမျိုးတို့၏ တိုင်းပြည်မှာ ၆ ပြည်ထောင် ရှိခဲ့ဖူး၍ ထိုတိုင်းပြည်တို့၏ အမည်နာမများမှာလည်း ကြီးကဲခြင်း ကြီးမြတ်ခြင်း ဟူသော အဓိပ္ပာယ်ရှိသည့် 'တာ' နှင့် 'တိုင်း' ဝေါဟာရ စကားလုံးများဖြင့် အစပြုသော အမည်နာမများချည်းဖြစ်သည်ကို တွေ့ရှိခဲ့ရကြောင်း။"

'ရှမ်းလူမျိုးများ' ဟူသော စာအုပ်ကိုစီရင်ရေးသားသော W.W. Cochrane ဆိုသူကလည်း ၎င်း၏စာအုပ်တွင် ဤအယူအဆကို ထောက်ခံသောအားဖြင့် အောက်ပါအတိုင်းမှတ်ချက်ချထားလေသည်။

> "ရှမ်းအမျိုးသားတို့၏ လူမျိုးအမည်ဟောင်းများ အနက်၊ အမည်တစ်ခုမှာ ကြီးမြတ်ခြင်းကြီးကဲခြင်းအနက်ရှိသည့် Yau ဟူ၍ဖြစ်ကြောင်း။ ၎င်း Yau ၏ အနက်နှင့် (တိုင်း) ၏ အနက်မှာ အတူတူပင်ဖြစ်ကြောင်း"

ဤအဆိုအရသော်၊ ကြီးမြတ်သော ကြီးကဲသောလူမျိုး ဟူ၍ ဆိုလိုကြောင်းသိကြရပေသည်။

သို့လျှင် မိမိ၏အမျိုးသားနာမအမည်ကို ဂုဏ်မြင့်တင်မှည့်ခေါ်ခြင်းမှာ အထူးအဆန်းမဟုတ်ပေ။ ဂျပန်လူမျိုးတို့က မိမိတို့လူမျိုး၏ အမည်နာမကို နေမျိုးနွယ်ဟူ၍လည်းကောင်း၊ တရုတ်လူမျိုးတို့က မိမိတို့

mgyoe.com

mgyoe.com


နိုင်ငံ၏ အမည်နာမကို ကောင်းကင်ဘုံနှင့်ဆိုင်သော နိုင်ငံဟူ၍ လည်းကောင်း။ မြန်မာလူမျိုးတို့က မိမိတို့လူမျိုး၏အမည်နာမကို ဗြဟ္မာဘုံနှင့်ဆိုင်သော လူမျိုးဟူ၍ လည်းကောင်း၊ ဂုဏ်မြှင့်တင်မှည့်ခေါ်ကြသကဲ့သို့ ဖြစ်လေသည်။

"ရှမ်းဟူသော အခေါ်အဝေါ်ကို မြန်မာလူမျိုးနှင့် အခြားလူမျိုးများကသာ အသုံးပြုကြ၏။ မည်သည့်အတွက် ဤအမည်ကိုအသုံးပြုသည်ဟူ၍ ခိုင်လုံသော အထောက်အထားမရှိ"ဟု ဆာဂျော့စကော့စသည့် မြန်မာပြည် ရှမ်းပြည်နယ်အကြောင်းရေးသားခဲ့ကြသော ပုဂ္ဂိုလ်များ၏အဆိုများကို ဖတ်ရှုရဖူးလေသည်။

သို့သော်၊ 'ရှမ်းလူမျိုးတို့၏အရင်းအမြစ်' ခေါ်စာအုပ်ကို ရေးသားစီရင်ခဲ့သော ရာဇဝင်ဆရာကြီး M.Terrien de La Couperie ကမူကား ရှမ်းဟူသော အမည်နာမနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ရေးသားခဲ့လေသည်။

"တရုတ်ပြည်တွင် Hia မင်းဆက်ကို ဖြိုဖျက်ခဲ့သောကုန်သည်များဟူ၍ အဓိပ္ပာယ်ရှိသည့် Shang လူမျိုးများမှာ ရှမ်းလူမျိုးများနှင့် ဆက်သွယ်ကြောင်း တရုတ်ပြည်အလယ်ပိုင်းတွင် နေထိုင်ခဲ့သော အရင်းမူလဘူတ တစ်မျိုးတည်းဖြစ်ခဲ့သည့် တိုင်းရင်းသားစုတို့၏ ဝေါဟာရများတွင် Tchang, Siang, Shen, Sien အစရှိသော အမည်များနှင့် များစွာတူညီသော အမည်အမြောက်အမြားကို တွေ့ရှိရကြောင်း"

၎င်း၏အဆိုကို သတ္တုချ၍ကြည့်လိုက်သော်၊ ရှမ်းဟူသော အမည်နာမမှာ ကုန်သည်များဟူ၍ အဓိပ္ပာယ်ရသည့် အမည်နာမ Shang မှဆင်းသက်သော အမည်များအနက် နောက်ဆုံးတွင်၍ ကျန်ရစ်ခဲ့သော အမည်ဖြစ်သည်ဟု မှတ်ယူဖွယ်ရာရှိပေသည်။

ထိုမှတစ်ပါး မစ္စတာကော့ကရိန်းကလည်း "ရှမ်းလူမျိုးများကို

mgyoe.com

mgyoe.com


ဝနှင့်လလူမျိုးတို့က Shen ဟူ၍လည်းကောင်း။ ကန်တုန်နီဘာသာအား ဖြင့် Tsim ဟူ၍လည်းကောင်း၊ ခေါ်ဝေါ်ကြကြောင်း။ အခြားစကားလုံး များတွင် အစွန်းအစ တွေ့နိုင်သော အပြောင်းအလဲများနှင့် ဤစကားပုံစံ များကို နှိုင်းယှဉ်သော် ရှမ်းဟူသောစကားလုံးပုံစံဖြစ်သည် Shang သို့မဟုတ် Shiang မှာ သင့်လျော်စွာလက်ခံနိုင်သည့် စကားလုံးပင်ဖြစ် ကြောင်း" စသဖြင့် ရေးသားခဲ့သည်ဖြစ်ရကား၊ အဆိုနှစ်ရပ် ညီညွတ် လျက်ရှိသည်ကို တွေ့ရပေသည်။

အချို့ ရှမ်းမြန်မာပညာရှင်များကမူကား ဂန္ဓာရတိုင်းနှင့် သုနာ ပရန္တတိုင်းကြီးနှစ်တိုင်းအကြား၌ မိုးအလွန်ရွာ၍ အာပေါဓာတ် လွန်ကဲ သောကြောင့် ထိုတိုင်းသူပြည်သားတို့မှာ နဂိုနေအားဖြင့် စိုပြည်နုနယ်ကြ ကြောင်း။ အသက်ကြီးသော်လည်း ရုပ်ပျိုနေသဖြင့် ရင်မွေးပေါက်ခြင်း မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးပေါက်ခြင်း နည်းပါးကြောင်း။ ထို့ကြောင့်ပင် ယုဝန္တိတိယုဝါနော၊ ယေ၊ အကြင်သူတို့သည်။ ယုဝန္တိ၊ နုနယ်ပျိုမျစ်ကြ ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ယုဝါနော၊ ယုဝ လူမျိုးမည်ကုန်၏။ ဟူသောဝိဂြိုဟ်ဖြင့် ယုဝလူမျိုးဟူ၍ဆိုကြလေသည်။

ထိုယုဝဟူသော ပါဠိမှပျက်၍။ အချို့သော အရပ်ဒေသအပိုင်း၌ ယွန်းလူမျိုးဟူ၍အမည်ရှိလျက်။ အချို့သောအရပ်ဒေသအပိုင်း၌။ ယုဝ မှ ယှဝ ဟူ၍ ပါဠိပျက်ပြီးလျှင်။ ယှဝမှတစ်ဖန်ရှမ်းဖြစ်လာရသည်။ အချို့သော အရပ်ဒေသအပိုင်းလည်း ယုဝ မှ ယုဒ သို့ပြောင်းရွေ့ပြီးလျှင်။ ယုဒ မှတဖန် ယိုးဒယားဖြစ်လာရသည် စသဖြင့် ကြံကြလေသည်။

အချို့ ရှမ်းမြန်မာပါဠိပညာရှင်များကလည်း ရှမ်းလူမျိုးများ သည် ကမ္ဘာဦးအခါ မဟာသမ္မတမင်းမှစ၍ ခတ္တိယနွယ်ဝင် သာကီဝင်တို့ မှ ဆင်းသက်ဆက်နွယ်သော လူမျိုးများဖြစ်သောကြောင့်။ ။ သာမိက္က သာရိယတိတိသာသေ။ ။ သာမိ၊ အရှင်သခင်အဖြစ်ဖြင့်။ ဣသရိ

mgyoe.com

mgyoe.com


ယတိ၊ အစိုးရတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့် သာမော၊ သာမ မည်၏။ ဟူ၍ ဝိဂြိုဟ်ပြုကြပြီးလျှင် သာမိလူမျိုးဖြစ်ကြောင်း ပြကြလေသည်။ ထိုသာမပုဒ်မှတစ်ဖန်၊ သျှမ်–သျှံ–ရှံ–ရှမ်–ရှမ်းဟူ၍ ရွေ့လျောလာသည်ဟု ဆိုကြလေသည်။

**ရှမ်းလူမျိုးအရင်းအမြစ်။** ရှမ်းလူမျိုးများမှာ တရုတ်မှ ဆင်းသက်ပေါက်ဖွားသော လူမျိုးတစ်မျိုးပင်ဖြစ်သည်ဟု အချို့ကယူဆကြ၏။ အချို့သော မြန်မာရာဇဝင်တို့၌ပင်လျှင် မြန်မာပြည်သို့ စုန်ဆင်းဝင်ရောက်လာသောလူမျိုးများကို ပြရာ၌ (၁)'တိုင်း' ခေါ် ရှမ်းတရုတ်လူမျိုးကြီး။ (၂)'တိဘက်တိဘားမင်း' ခေါ် မြန်မာလူမျိုးကြီး။ (၃)'မွန်ခမာ' လူမျိုးကြီး ဟူ၍ ခွဲခြားပြထားသည်ကို တွေ့ရသဖြင့်။ ရှမ်းနှင့်တရုတ် ရောနှောယှက်တင် တစ်စဉ်တစ်နွယ်တည်းဖြစ်သည်ဟူ၍ မှတ်ယူဖွယ်ရှိနေ၏။

ရှမ်းလူမျိုးအချို့တို့ ကိုယ်တိုင်ကပင်လည်း မိမိတို့ရှမ်းလူမျိုးမှာ တရုတ်မှ ဆင်းသက်ပေါက်ဖွားသည်ဟု ယုံကြည်နေသည်ကို တွေ့ရပေသေး၏။

ဤသို့ရာဇဝင်အချို့၏အဆိုနှင့် ရှမ်းလူမျိုးတို့၏ ယုံကြည်ချက် ကိုက်ညီနေသည်တစ်ကြောင်း။ ရှမ်းဘာသာစကားတွင် တရုတ်စကားလုံးများ ရောနှောပါဝင်နေသည်တစ်ကြောင်း၊ ရှမ်းနှင့်တရုတ် အလေ့အလာ အမူအရာဝတ်စားဆင်ယင်ပုံ တူညီသည်တစ်ကြောင်း ထို့ကြောင့်၊ ရှမ်းသည် တရုတ်မှပေါက်ဖွားသော လူမျိုး၊ သို့မဟုတ် ဆက်နွယ်ဆင်းသက်သော လူမျိုးဟူ၍ ကျွန်ုပ်တို့မှတ်ယူကြရမည်လောဟူငြားအံ့။ မမှတ်ယူသင့် မမှတ်ယူထိုက်ဟူ၍အောက်တွင် ဖော်ပြလတ့်သော အကိုးအကားများကို ထောက်လျက် ငြင်းဆိုရပေမည်။

တရုတ်ပြည်အလယ်ပိုင်းလောက်တွင် ရှမ်းလူမျိုးများနေထိုင်ခဲ့ဖူးကြောင်း ခြေရာခံတွေ့ကြရသဖြင့် ရှမ်းသည်တရုတ်ပင်ဖြစ်သည်ဟူ၍

mgyoe.com

mgyoe.com


မဆိုသင့်ပေ။ ထိုနေရာထိုဒေသတွင် တရုတ်လူမျိုးတို့ မနေထိုင်မီကပင် လျှင်၊ နေထိုင်သော လူမျိုးသီးခြားဟူ၍ ယုံကြည်သင့်ပေသည်။

ဤအချက်နှင့်စပ်လျဉ်း၍ The cradle of the Shan ခေါ်သော စာအုပ်တွင် အောက်ပါအတိုင်းဖော်ပြထားလေသည်။

"တရုတ်ခေတ်မတိုင်မီကပင်လျှင် မြစ်ဝါမြစ် တောင်ဘက် တရုတ်ပြည်အလယ်ပိုင်းတွင် တရုတ်တို့က Pang ဟူ၍ ခေါ်သော လူမျိုးတစ်မျိုး ရှေးဦးစွာနေထိုင်ခဲ့ကြောင်း။ ထိုလူမျိုးစုသည် ဆူချွမ်နယ်အရှေ့မြောက်ပိုင်းနှင့် ဟိုနန်နယ် အနောက်ဘက်ပိုင်းတွင် နေထိုင်ကြကြောင်း။ ၎င်းတို့၏ အမျိုးဆက်နာမည်မှာ Ngao သို့မဟုတ် Yao ဖြစ်၍၊ ရှမ်းဘာသာအားဖြင့် "ကြီးမြတ်သောဟူ၍ အဓိပ္ပာယ်ရသည့် ဝေါဟာရဖြစ်ကြောင်း"

Pang လူမျိုးမှာ ရှမ်းလူမျိုးပင်ဖြစ်ပေသည်။ ဤအကြောင်းကို ရှေ့ရာဇဝင်ခန်းတွင် ဆက်လက်ဖော်ပြပေအံ့။

ထိုအရပ် ထိုဒေသတွင် နေထိုင်ခဲ့သော ရှမ်းလူမျိုးတို့သည် အရှေ့ဘက်သို့ ပျံ့နှံ့သွားရာ၌၊ အရှေ့ဘက်ရှိတရုတ်လူမျိုးတို့နှင့် ရောနှောပြီးလျှင်၊ တရုတ်လူမျိုးတွင် အပါအဝင် လူမျိုးတစ်မျိုးအဖြစ်သို့ ရောက်သွားကြရပြန်လေသည်။

ထို့ကြောင့်လည်း Hallett ဆိုသောပုဂ္ဂိုလ်က "၎င်း (ရှမ်းလူမျိုးများ) သည် အရှေ့ဘက်သို့ဝေးလံစွာ ပြန့်ကျယ်သွားကြရာ၌ တရုတ်ပင်လယ်သို့ ရောက်ကောင်းရောက်သည်သာမက၊ တရုတ်လူမျိုးအဖြစ်နှင့် ပေါင်းစည်းသွားသော လူမျိုးများတွင် တစ်ဦးအပါအဝင် ဖြစ်သွားကြတော့ကြောင်း" နှင့်ရေးသားခဲ့လေသည်။

ရှမ်းနှင့်တရုတ် အလေ့အထ၊ အမူအရာ၊ ဝတ်ဆင်ပုံအလားတူညီခြင်းနှင့်ပတ်သက်၍ Mr.Colquhoun ဆိုသူက "မိမိသည် တောင်

mgyoe.com

mgyoe.com


ပိုင်း တရုတ်ပြည်သွားလာလှည့်ပတ်ရာတွင် တွေ့သမျှသော တိုင်းရင်းသားများမှာ အမည်လွဲအမျိုးမျိုးနှင့် တရုတ်တို့က သိကြသော်လည်း ရှမ်းများသာ ဖြစ်ကြောင်း။ ၎င်းတို့သည် တရုတ်များနှင့် နီးနီးကပ်ကပ် မနေခြင်းကြောင့် အလေ့အထအမူအရာ အဝတ်အစားများမှာ တဖြည်းဖြည်း ပြောင်းလဲ၍ တရုတ်တို့နှင့်ပူးပေါင်းသွားကြကြောင်း" နှင့် ထုတ်ဖော်ရေးသားခဲ့လေသည်။

အထက်ပါအကိုးအကားများကိုထောက်သော် တရုတ်နှင့်ရှမ်းသည် အရင်းအမြစ်မူလဘူတ တခြားစီဖြစ်သော လူမျိုးနှစ်မျိုးပင်ဖြစ်ကြောင်းထင်ရှားပေပြီ။

ထိုသို့ဆိုသော် ရှမ်းတို့၏အရင်းအမြစ် မူလဘူတသည် အဘယ်နည်းဟု စောဒကတက်ဖွယ်ရှိ၏။

ရှမ်းလူမျိုးတို့၏ အခြေခံအရင်းအမြစ်ကို စေ့ငုပ်ရှာဖွေသည်ရှိသော် တရုတ်လူမျိုးကဲ့သို့ပင် ရှေးကျလှစွာသော ခေတ်ကာလက ရှိနေသည့် လူမျိုးဟူ၍ ဖော်ပြရန်မှတစ်ပါးအခြားမရှိတော့ပေ။

ထို့ကြောင့်လည်း M. Terrien က "ရှမ်းလူမျိုးတို့၏ မူလဘူတ အရင်းအမြစ်မှာတရုတ်လူမျိုးတို့ကဲ့သို့ပင် လွန်လေမြင့်ညောင်းသော ခေတ်ဟောင်းအတိတ်ကပင် အချိန်ကာလ ပရိစ္ဆေဒကွယ်ဖုံးသဖြင့်၊ လုံးလုံးပျောက်ကွယ်ကျန်ရစ်လေပြီ။ တရုတ်ပြည်အနောက်မြောက်ပိုင်းသို့ တရုတ်လူမျိုးတို့ဝင်ရောက်လာကတည်းက ၎င်းရှမ်းလူမျိုးတို့မှာ ရောက်ရှိနေနှင့်ပြီးဖြစ်သောကြောင့်။ တသီးတခြားလူမျိုးသာဖြစ်သည်ဟု ဆိုထိုက်ကြောင်းနှင့် ဖော်ပြခဲ့ခြင်းဖြစ်ပေသည်။

၎င်းပြင် "ရှမ်းသည်တရုတ်ပြည်တွင် သီးခြားနေထိုင်ခဲ့ကြောင်း။ သို့သော်ရှည်လျားမြင့်ညောင်းသော နှစ်ပေါင်းရာထောင်မကမှ စတင်ခဲ့သော လူမျိုးဖြစ်သည့်လျော်စွာ ၎င်းတို့၏အရင်းအမြစ်ကို မသိနိုင်တော့

mgyoe.com

mgyoe.com


ကြောင်း၊ စုံစမ်းသိရသမျှမှာ အရင်းအမြစ်မဖြစ်နိုင်၊ စခန်းထောက်ရာ တစ်ဆင့်ရွှေ့ပြောင်းလာရာသာ ဖြစ်နိုင်ကြောင်း” စသဖြင့် ရေးသားခဲ့သော W.W.Cochrane ၏အလိုကိုထောက်သဖြင့်လည်း ရှမ်းလူမျိုးတို့၏ မူလဘူတကို ရှာဖွေရရန် မျှော်လင့်ဖွယ်မရှိတော့ကြောင်းမှာ အထူး ဖော်ပြရန်မလိုတော့ချေ။

သို့ဖြစ်လျှင်၊ ၎င်းတို့၏ ကွန်းထောက်စခန်းကား၊ အဘယ် အရပ်ဒေသတွင်ရှိလေသနည်း။

ဤမေးခွန်းကို ဖြေရန်ကား၊ အောက်ပါ W.W.Cochrane ၏ အဆိုသည်၊ လုံလောက်သည်ဟု ယူဆနိုင်သဖြင့် ၎င်းအဆိုကိုပင် ဖော်ပြလိုက်ရပေကြောင်း။

“ရှမ်းလူမျိုးတို့၏ မူလအရင်းအမြစ်ကို၊ ကျွန်ုပ်တို့ ပွင့်လင်းစွာ တစ်စုံတစ်ရာမျှမသိရကြောင်း။ ကျွန်ုပ်တို့သိရှိရသမျှမှာမူကား၊ ၎င်းတို့၏ ခရီးအစဉ်တွင် ကွန်းထောက်စခန်းမျှသာဖြစ်ကြောင်း ရှမ်းတို့သည် ဆူချွမ် နယ်မှ၊ ယန်စီမြစ်ဝအထိ မြစ်ဝှမ်းတစ်လျှောက်တွင် နေထိုင်ခဲ့သော လူ အား အများဆုံး လူမျိုးဖြစ်ကြောင်း ယုံမှားဖွယ်မရှိကြောင်း”။

ရှမ်းလူမျိုးတို့မှာ အရင်းမူလဘူတ ရှေးကျလှသည် တစ် ကြောင်း။ အရပ်ဒေသ နှံ့ပြားလှသည် တစ်ကြောင်းတို့ကြောင့်၊ တစ်ခေတ် နှင့် တစ်ခေတ်၊ တစ်ရပ်နှင့်တစ်ရပ်၊ ၎င်းတို့၏အမည်များမှာ ခြားနား ကွဲပြားလျက် ရှိကြလေသည်။ ၎င်းအမည်များမှာ အမျိုးပေါင်း အနည်း ဆုံး ၂၀ မျှရှိ၍ ပုံပြင်ဒဏ္ဍာရီများပါသော တရုတ်ရာဇဝင်ဟောင်းတွင်၊ ရှမ်းလူမျိုးတို့အကြောင်းကို ရှေးဦးစွာဖော်ပြစဉ်က အမျိုးပေါင်းမြောက်မြား စွာပင် ရှိခဲ့ဟန်တူကြောင်း။

မြန်မာပြည်နှင့် ပတ်ဝန်းကျင်နယ်ပယ်များတွင်ပင် အရပ်ဒေသ ကွဲပြားလျှင် ကွဲပြားသည့်အလျောက် အမည်အမျိုးမျိုး ကွဲပြားလျက်ရှိနေ

mgyoe.com

mgyoe.com


ပေသည်။ ဥပမာအားဖြင့်သော် ရှမ်းကြီးကို (တိုင်းလုံ)။ ရှမ်းနီကို (တိုင်းလိုင်)။ ယွန်းရှမ်းကို (တိုင်ယွန်း)။ ဂုံရှမ်းကို (တိုင်းခင်)။ လူရှမ်းကို (တိုင်းလိ)။ မိုးနဲရှမ်းကို (တိုင်းနဲ)။ တောင်ပိုင်းရှမ်းကို (တိုင်းတုံစမ်း)။ တောင်သူယာလုပ်ရှမ်းကို (တိုင်းယန်း)။ ညောင်ရွှေရှမ်းကို (တိုင်းယန်ဇေ)။ ယိုးဒယားကို (တိုင်းမိန်းကောက်) စသဖြင့်ခေါ်ဝေါ်ကြလေသည်။

အထက်ပါတို့မှာ တိုင်းဟူသော ဝိသေသနပဒတ်နှင့်တွဲဖက်သော နာမည်အမျိုးများသာဖြစ်၏။ အခြား လုံးလုံးလျားလျား ကွဲပြားသောPang, Pong, Shu-chia, Chung-chia, Pu-ju, Pu-nongစသည့် အမည်များလည်း ရှိပေသေးသည်။

**ရှမ်းပြည်နယ်၏အမည်များ။** ရှမ်းပြည်နယ်များ Shan Statesဟူသောအမည်အပြင် ရှမ်းလူမျိုးတို့နိုင်ငံကိုခြုံ၍ ခေါ်ဝေါ်သော အခြားအမည်နာမများရှိသေးသည်ဖြစ်ရာ ၎င်းတို့မှာ (၁) ကမ္ဘောဇ။ (၂) ပုံ Pong (၃) မော ဟူ၍ဖြစ်လေသည်။

ရှမ်းပြည်နယ်များဟူ၍ ခေါ်တွင်ခြင်း၏အကြောင်းရင်းကိုကား၊ အထူးရှာဖွေရန် မလိုတော့ပေ။ ရှမ်းဟူ၍ သတ်မှတ်ခေါ်ဝေါ်ခြင်းခံရသော လူမျိုးတို့နေထိုင်ရာ နိုင်ငံဖြစ်သောကြောင့် ခေါ်ဝေါ်ခြင်းဖြစ်ကြောင်း သိသာပေပြီ။

ကမ္ဘောဇဟူ၍ ခေါ်တွင်ခြင်းအကြောင်းရင်းကို ရှာဖွေသည့်အခါ တွေ့ရသမျှသော ရှမ်းလူမျိုးတို့၏ ရာဇဝင်ဖြစ်ဟောင်း အတိတ်ကြောင်းဆိုင်ရာ စာစောင်များတွင်မူကား ကမ္ဘောဇဟူ၍ ခေါ်တွင်ရခြင်းအကြောင်းကို ရှင်းလင်းစွာဖော်ပြထားခြင်းမရှိချေ။ သို့သော် "ကမ္ဘောဇတိုင်း ခွန်လှိုင်းသာစည်–ရှမ်းတို့ပြည်" စသောအားဖြင့် ချီးကျူးခေါ်ဝေါ် သုံးစွဲခြင်းများကိုမူကား ကြားဖူးဖတ်ဖူးလျက်ပင်ရှိနေသောကြောင့် ရှမ်းပြည်ကို ကမ္ဘောဇတိုင်းဟူ၍ ခေါ်ဝေါ်သုံးစွဲနိုင်ကြောင်းကို ယုံမှားဖွယ်မရှိပေ။

mgyoe.com

mgyoe.com


ရာဇဝင်အထောက်အထားအရသော်ကား ကမ္ဗောဇဟူသည် ယိုးဒယားပြည်တောင်ဘက်ရှိ ကမ္ဗောဒီးယားပြည်၏ အမည်ပျက်ပင်ဖြစ်သည်ဟု ယူဆဖွယ်ရှိပေသည်။ ကမ္ဗောဒီးယားပြည်နှင့် ရှမ်းပြည်မှာ ခရီးကွာလှမ်းလှသောကြောင့် မည်သည့်နည်းနှင့် အမည်နာမချင်း ဆက်သွယ်ပါသနည်းဟု မေးဖွယ်ရှိနေ၏။

ဆက်သွယ်ပုံကား ဤသို့တည်း။ ။ ခရစ်သက္ကရာဇ်၊ အစလောက်က ရှမ်းလူမျိုးတို့သည် မဲခေါင်မြစ်ဝှမ်းတစ်လျှောက်ဖြင့် အောက်ပိုင်းသို့ စုန်ဆင်းပျံ့နှံ့လာကြရာတွင် ကမ္ဗောဒီးယားပြည်သို့ ရောက်ရှိနေထိုင်ခဲ့ကြ၏။ ထို့နောက် ခရစ်သက္ကရာဇ် ဒသမရာစုနှစ်အလယ်လောက်တွင် ထိုခေတ်ထိုအခါက တန်ခိုးအကြီးဆုံးဖြစ်ခဲ့သော နန်းချောက်ပြည်သည် တရုတ်တို့နှင့် စစ်မက်အကြိမ်ကြိမ် တိုက်ခိုက်ရသောကြောင့် ယိမ်းယိုင်လာလေရာ ထိုပြည်၏လက်အောက် အစောင့်အရှောက်ခံအဖြစ်ဖြင့် နေခဲ့ကြသော သံလွင်မြစ် လက်ဝဲ လက်ယာရှိ ရှမ်းပြည်နယ်များမှာ၊ ထိုပြည်၏ လက်အောက်ခံအဖြစ်မှ လွတ်ထွက်ပြီးလျှင် အကွဲကွဲ အပြားပြား ဖြစ်ကုန်ကြလေတော့သည်။ ဤသို့ဖြစ်သည်တွင် အခါအခွင့်ရသော ကမ္ဗောဒီးယားပြည်မှ ရှမ်းမင်းသည် နမ့်မောမြစ်ဝှမ်းသို့တိုင် အာဏာဖြန့်ခဲ့ပြန်လေသည်။ ထိုအခါမှစ၍ မိုင်းမောပြည်မှာလည်း ကာလအတော်ကြာတိုင်၊ ကမ္ဗောဒီးယားရှမ်းမင်းများ၏ အစောင့်အရှောက်ခံ ဖြစ်ရလေတော့သည်။ ရှမ်းပြည်နယ်များမှာလည်း ကမ္ဗောဒီးယားဟူသော အမည်ပညတ်နှင့် အနည်းငယ်မျှသာ အသံခြားနားသော ကမ္ဗောဇအမည်ကို ခံယူကြရလေတော့သည်။

ပုံတိုင်းပြည်ဟူ၍ ခေါ်ဝေါ်ခြင်းမှာမူကား ရှမ်းလူမျိုးတို့၏ အမည်ဟောင်းတစ်ခုဖြစ်သော Pang ကိုအစွဲပြု၍ပင် ဖြစ်လေသည်။ ဤအမည်ကို တရုတ်လူမျိုးတို့က ယခုတိုင် သိန္နီနယ်၏ အမည်အဖြစ်

mgyoe.com

mgyoe.com


ဖြင့် အသုံးပြုလျက်ရှိကြပေသည်။

တရုတ်ပြည် Hia မင်းဆက် အစလောက်က Pang ဟူသော အမည်နှင့်သမုတ်ခေါ်ဝေါ်ခြင်းခံခဲ့သော ရှမ်းလူမျိုးများသည် တရုတ်လူမျိုးတို့အလယ်တွင် ထင်ရှားခဲ့သည့်အလျောက် သံလွင်မြစ်အနောက်ဘက် အရပ်ဒေသသများသို့ ရွှေ့လျားနေထိုင်ကြသည့်တိုင်အောင်။ တရုတ်တို့နှုတ်ဖျား၌ ဤအမည်ကို ဆက်လက်တည်မြဲစေလေသည်။ သို့သော် ရွှေလီမြစ်ဝှမ်းနှင့် ပတ်ဝန်းကျင်နယ်များကို တရုတ်တို့ သိမ်းပိုက်ပြီး နောက်တွင်ကား မသိမ်းပိုက်ရသေးဘဲ တစ်သီးပုဂ္ဂလပြည်နယ်အဖြစ်နှင့် တည်နေသော သိန္နီနယ်ကိုပင် ၎င်းတို့နှင့်အနီးဆုံးနယ်ဖြစ်သည့်အလျောက် ဤ Pang ဟူသောအမည်ဖြင့် ဆက်လက်ခေါ်ဝေါ်နေကြလေတော့သည်။ Pang နှင့် Pong မှာအသံရွေ့လျောသဖြင့် ခြားနားနေခြင်းဖြစ်ပေသည်။

မိုင်းမောခေါ်သော မောပြည်မှာကား၊ အထူးသဖြင့် မြန်မာတို့နှုတ်ဖျားတွင် အသုံးများလျက်ရှိ၏။ အုန်းပေါင်ရာဇဝင်အရသော်ကား ရွှေလီမြစ်အထက်ပိုင်း လက်ယာဘက်ကမ်းရှိ မိုင်းမောနယ်တွင်၊ ထီးနန်းစတင်စိုးစံသော တိန္နကရာဇ်မင်းမှ ဆက်နွယ်၍ ရှမ်းပြည်ထောင်အများပြန့်ပွားသွားခြင်းကြောင့် ထိုပြည်ထောင်များအားလုံးကိုလည်း၊ မောပြည်ထောင်များဟူ၍ ခေါ်တွင်သည်ဟု သိရပေသည်။

မောပြည်ထောင်များဟူ၍ သာလွန်ထင်ရှားစေသော မင်းမှာကား ခရစ်သက္ကရာဇ်တေရသမ ရာစုနှစ်များအတွင်းလောက်က ရှမ်းပြည်နယ်များအားလုံးသာမက အနီးပတ်ဝန်းကျင်နယ်ပယ်များကိုပင် အာဏာတန်ခိုးလွှမ်းမိုးခဲ့သော Hso-Khan-Hpa သို့ခန့်ဘွား အမည်ရှိ မင်းပင်ဘည်း။ ထိုမင်းသည် နမ့်မောမြစ်ဝှမ်းမောပြည်ကိုအစိုးရသော မင်းဖြစ်သောကြောင့် ၎င်း၏အာဏာတည်ခဲ့နိုင်ရာ ရှမ်းနယ်များအားလုံးမှာ၊ မော

mgyoe.com

mgyoe.com


နိုင်ငံဟု အထူးထင်ရှားလာခဲ့လေသည်။

**ရှမ်းလူမျိုးတို့ပျံ့နှံ့ခြင်း။** ရှမ်းလူမျိုးများသည် နေရင်းဒေသမှ ပြောင်းရွှေ့ထွက်ခွာလာကြရာ၊ ကာလကြာသောအခါ အနှံ့အပြားဖြစ်သွားကြလေတော့သည်။ ပြောင်းရွှေ့ထွက်ခွာလာကြခြင်း၏ အကြောင်းအရင်းများမှာ

(၁) အင်အားကြီးသောလူတစ်မျိုး (တရုတ်) က လူအင်အားဖြင့် ဖိနှိပ်ခြင်းကို မခံမရပ်နိုင်သောကြောင့်တစ်ကြောင်း

(၂) အချင်းချင်းတိုက်ခိုက်လုယက်ကြရာ၌ ရှုံးနိမ့်သော လူတစ်စုမှာ တစ်ရွာတစ်ကျေးဆောက်ရန် အလိုရှိသောကြောင့် တစ်ကြောင်း၊

(၃) နေရင်းဒေသ၌ အစာရေစာခေါင်းပါးသည့်အတွက်၊ ရေကြည်ရာ မြက်နုရာဒေသရပ်ရွာကို ရှာဖွေလိုသောကြောင့် တစ်ကြောင်း၊

(၄) စစ်မက်သောင်းကျန်းအန္တရာယ်များ လွတ်ကင်းရာတွင်၊ ငြိမ်းချမ်းစွာ နေလိုသောကြောင့် တစ်ကြောင်း။ ဤသို့အားဖြင့် အကြောင်းအမျိုးမျိုးပင် ဖြစ်လေသည်။

တရုတ်လူမျိုးတို့ လွှမ်းမိုးတိုးဝင်လာခြင်းကြောင့်၊ ရှမ်းလူမျိုးများ ပြောင်းရွှေ့ထွက်ခွာလာရခြင်းနှင့် စပ်လျဉ်း၍ မစ္စတာကော့ကရိန်း၏ အောက်ပါအဆိုကို၊ အထောက်အထားအခုအဖြစ်နှင့် မှတ်သားသင့်ပေသည်။

(၁) "ဆူချွမ်နယ်မှပင်လယ်ထိ ယန်စေမြစ်၏ လက်ဝဲဘက်ကျယ်ပြန့်သော နယ်တစ်ပိုင်းတွင် တရုတ်လူမျိုးတို့ အင်အားလွှမ်းမိုးပျံ့နှံ့ခြင်းမဖြစ်မီက ရှမ်းလူမျိုးများ နေထိုင်ခဲ့ကြကြောင်း။ (၂) တိုးတက်ယဉ်ကျေးနေသော တရုတ်လူမျိုးတို့က မြစ်ဝါမြစ်ဝှမ်းသို့ ပျံ့နှံ့ဆင်းသက်

mgyoe.com

mgyoe.com


လာသောကြောင့်၊ မယဉ်ကျေးသေးသော ရှမ်းလူမျိုးများမှာ ယန်စေမြစ်ဝှမ်းသို့ ဆင်းသက်သွားရကြောင်း ဤအယူအဆနှစ်ရပ်မှာ လုံလောက်ဟန်ရှိကြောင်း"။

ဖော်ပြခဲ့သော အကြောင်းကြောင်းများကြောင့် ရှမ်းလူမျိုးများသည် နေရင်းဒေသမှ တရွေ့ရွေ့ ပြောင်းရွှေ့ပျံ့နှံ့လာခဲ့ရာ၊ ယခုအခါ တွေ့မြင်ကြရသည့်အတိုင်း ဘင်္ဂလားပြည်အနောက်မြောက်ပိုင်း အာသန်ပြည် မြန်မာပြည် သံလွင်မြစ်ဝဲယာ ယိုးဒယားပြည်၊ ကမ္ဘောဒီးယားပြည်၊ ပြင်သစ်၊ အင်ဒိုချိုင်းနားပြည် များသာမက ဟိုက်နန်ကျွန်းသို့တိုင် ရောက်ရှိနေကြလေတော့သည်။

တရုတ်လူမျိုးများ ပျံ့နှံ့အားကြီးကြောင်းနှင့် ပတ်သက်၍ Historical Sketch of The Shans ခေါ်စာအုပ်တွင် "ရှမ်းလူမျိုးများသည် ကွမ်းတုံနယ်၊ ကွမ်းဆီနယ်၊ တုန်ကွင်နယ်နှင့် ပြင်သစ် အင်ဒိုချိုင်းနားတိုင်၊ အနှံ့အပြားရှိကြောင်း" ဖော်ပြထားသည်ကို တွေ့ရ၏။

Major Davies ဆိုသော ပုဂ္ဂိုလ်ကမူ "ရှမ်းလူမျိုးများသည် လွန်စွာများပြား၍ ကျယ်ဝန်းစွာပျံ့နှံ့သော လူမျိုးများဖြစ်ကြောင်း အနောက်ဘက်သို့မူ အာသန်ပြည်သို့တိုင်ရောက်ရှိပြီးလျှင်၊ တေရသမမြောက်ရာစုနှစ်အတွင်းက ၎င်းလူမျိုးတို့သည် အာသံပြည်ကို နှိမ်နင်းအောင်မြင်ပြီးနောက် ဟိန္ဒူလူမျိုးတို့နှင့် ရောပြွမ်းပျောက်ကွယ်သွားကြောင်း၊ ယခုတိုင် ထိုဟိန္ဒူဘာသာဝင်လူမျိုးစု၌ ရှမ်းစကားပြောနေသေးသောသူများရှိသေးကြောင်း၊ ဧရာဝတီမြစ် အနောက်ဘက် မြစ်ဖျားခံရာ ခမ္ပတီးနယ်တွင် သီးခြားနေထိုင်သော လူမျိုးတစ်မျိုးမှာလည်း၊ ရှမ်းလူမျိုးပင်ဖြစ်ကြောင်း၊ ၎င်းပြင် ချင်းတွင်းမြစ်၏ အထက်ပိုင်းတစ်လျှောက်မှာလည်း၊ ရှမ်းလူမျိုးများ နေထိုင်လျက်ရှိသည်ကိုတွေ့ရကြောင်း၊ တစ်ဖန်မြန်မာပြည် မြေညီအရပ်ဖြစ်သော အရှေ့ဘက်သို့ တိုး၍ကြည့်ပြန်လျှင်

mgyoe.com

mgyoe.com


လတ္တီတွတ် ဒီဂရီ ၂၃ ခု၏ မြောက်ဘက်၌ ရှမ်းလူမျိုးများများပြားစွာ နေထိုင်လျက်ရှိသည်ကိုပင် တွေ့ရကြောင်း၊ သို့သော် အချို့နယ်၌ မြန်မာစကားကို ပြောဆိုသုံးစွဲလျက်ရှိနေကြပြီဖြစ်ကြောင်း၊ ထိုထက် အရှေ့ဘက်သို့ တိုး၍လာသောအခါမူကား ရှမ်းပြည်နယ်များဖြစ်၍ ၎င်းမှ တောင်ဘက်သို့ ရောက်ပြန်သော် ထိုင်း Tai လူမျိုးအမည်နှင့် (တိုင်းမှ တောင်ဘက်သို့ ပေါက်ပွားသော) ရှမ်းလူမျိုးတစ်မျိုးကိုပင် တွေ့ရကြောင်း။ မြောက်ဘက်၌မူကား ယူနန်နယ်နှင့် လတ္တီတွတ်ဒီဂရီ ၂၅ တွင် ရှမ်းအနည်းအပါးရှိသေးသည်ကို တွေ့ရကြောင်း" စသဖြင့် ရေးသားလေသည်။

၎င်းပြင် အထက်မြန်မာပြည်နှင့် ရှမ်းနယ်များ၏ ဒေသန္တရပထဝီဝင်အဘိဓာန်၌လည်း ဆာဂျော့စကော့က "တိုင်း (ရှမ်း) လူမျိုးများသည် အင်ဒိုချိုင်းနားကျွန်းဆွယ်တွင် အကျယ်ဝန်းဆုံး ပျံ့နှံ့သော လူမျိုးဖြစ်ကြောင်း၊ အာသံပြည်ရှိ အဟုံ Ahom လူမျိုးများမှာ ဟိန္ဒူဘာသာဝင်များအဖြစ်သို့ ရောက်ရှိနေသော်လည်း ရှမ်းလူမျိုးများဖြစ်နေသည်ကို ငြင်းဆိုရန်မရှိကြောင်း ကန်တုန်နယ်ရှိ (ဟတ်ကာ) လူမျိုးများမှာလည်း မိမိတို့မှာ ရှမ်းမဟုတ်ဟု ပထမဆုံးငြင်းဆိုမည့်သူများပင် ဖြစ်စေကာမူ၊ ရှမ်းလူမျိုးတို့မှ ပေါက်ဖွားသူများဖြစ်သည်မှာ သေချာသလောက်ရှိကြောင်း ... တိုင်းလူမျိုးများသည် တရုတ်ပြည်နယ်များအနက် ၄ နယ်တွင် အများဆုံးဖြစ်ကြောင်း"စသဖြင့် ရေးသားဖော်ပြခဲ့ပြန်လေသည်။

ကျွန်ုပ်တို့မြန်မာပြည်တွင်ပင် ရှမ်းလူမျိုးများကို မြို့ရွာအများ၌ တွေ့ရ၏။ တောင်ငူ၊ ပျဉ်းမနား၊ ပြည်၊ သထုံ၊ မြိတ် စသောမြို့များတွင် မြန်မာစကားကို ပြောဆိုလျက်သော်လည်းကောင်း၊ အချင်းချင်း ရှမ်းစကားကို ပြောဆိုလျက်သော်လည်းကောင်း မြန်မာနှင့်ရောနှောနေသော ရှမ်းလူမျိုးများကို တွေ့ကြရမည်ဖြစ်လေသည်။

mgyoe.com

mgyoe.com


ရှိရှိသမျှသော ရှမ်းလူမျိုးတို့၏ အရေအတွက်ကို အတိအကျ သိရန်ခက်သော်လည်း၊ ရိုမင်ကက်သလစ် ခရစ်ယာန် သာသနာပြုဆရာတို့၏ ခန့်မှန်းချက်အရသော်ကား။ သန်းပေါင်း ၂၀ ထက်မနည်း ဟု သိရလေသည်။

ထို့ကြောင့် (ကော့ကရိန်း) က အင်ဒိုချိုင်းနားကျွန်းဆွယ်ရှိ ရှမ်းလူမျိုးများ၏အရေအတွက်မှာ မြန်မာပြည်သားတစ်ယောက်လျှင်။ နှစ်ယောက်ကျ ဗြိတိသျှ အမေရိကန်ပြည်သားတစ်ယောက်လျှင် သုံးယောက်ကျ၊ ဩစတြေးလျကျွန်းသား တစ်ယောက်လျှင် ငါးယောက်ကျ။ ရှိနေသည်ဟု ဆိုခဲ့လေသည်။

၀

mgyoe.com

mgyoe.com

## အခန်း [ ၅ ]
## ရှမ်းလူမျိုးတို့၏ အသွင်အပြင် ထုံးစံဓလေ့ စိတ်သဘောထား

ကျွန်ုပ်နှင့်ရတနာသီဟတိုက်ရှင်တို့ ဈေးအတွင်းသို့ အတန်ကြာမျှ လှည့်လည်မိလျှင်ပင် ဈေးလာသူများမှာ ရုပ်ယှက်ခတ်မျှ တိုးဝှေ့လှည့်ပတ်သွားလာလျက်ရှိသဖြင့် အတော်ပင် စည်ကားစပြုလာ၏။

နှင်းဆီပွင့်ချပ်အသွေး၊ နီတွေးသော နှုတ်ခမ်းနှင့် ပန်းနုရောင်အသွင် နီလွင်သောပါးအို့ဖြင့် မြင်သူတို့ငေးဖွယ်ဖြစ်သော ရှမ်းအမျိုးသမီးများမှာ ကြီးမားသော ဝါးခမောက်ကြီးများကိုဆောင်းလျက် ဈေးခြင်းတောင်းကိုယ်စီဖြင့် လှည့်လည်ဝယ်ခြမ်းလျက်ရှိသည်ကို လည်းကောင်း၊ အရောင်းအဝယ်အတွက် မဟုတ်ဘဲ ရှမ်းပြည်နယ်ရှမ်းလူမျိုးတို့၏ အလေ့အတိုင်း ရှမ်းအမျိုးသား လုလင်ပျိုတို့မှာလည်း အေးချမ်းသော ရာသီဥတုဒဏ်ကို ခံနိုင်စေခြင်းငှာ ထူထဲသော အဝတ်အကျီဆောင်းဘီပွများကို ဝတ်ဆင်လျက် တွင်တွင်ကြီး မျက်စိအာရုံခံရန် လှည့်လည်ကြည့်ရှုကြသည်ကိုလည်းကောင်း၊ ကျွန်ုပ်၏အသိဉာဏ်တွင် လျင်မြန်စွာ ပေါ်ပေါက်သတိပြုမိပေတော့သည်။ ဤတွင် ရှမ်းလူမျိုးတို့၏ အသွင်အပြင် ထုံးစံဓလေ့ စိတ်နေသဘောထားများကို စိတ်ဝင်စားမိပြန်လေတော့သည်။

mgyoe.com

mgyoe.com


ရှမ်းစစ်တို့၏ပုံပန်းအသွင်အပြင်။ ရှမ်းလူမျိုး၏မူလဘူတမှာ တရုတ်ပြည်အလယ်ပိုင်းမှဖြစ်သောကြောင့် ၎င်းတို့၏ပုံပန်း အသွင်အပြင်မှာလည်း တရုတ်လူမျိုးတို့နှင့် အများဆုံးတူသင့်၏။ သို့သော် တရုတ်လူမျိုးတို့၏ မျက်နှာပေါက်နှင့်ရှမ်းလူမျိုးတို့၏ မျက်နှာပေါက်မှာ အနည်းငယ်ခြားနားလျက်ရှိခြင်းကိုလည်းကောင်း၊ မြန်မာလူမျိုးတို့၏ မျက်နှာပေါက်နှင့် ရှမ်းလူမျိုးတို့၏ မျက်နှာပေါက်မှာ ထပ်တူထပ်မျှဟု မဆိုနိုင်စေကာမူ များစွာတူညီလျက်ရှိခြင်းကိုလည်းကောင်း နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် သိနိုင်ပေသည်။ ဤအချက်မှာ မှတ်သားဖွယ်ပင် ဖြစ်ပေသည်။

သို့သော် ဥတုရာသီကောင်းသော အရပ်ဖြစ်သောကြောင့်။ အလုံးအရပ် ဗလကောင်းခြင်း အသားအရေ ပိုမို၍ကောင်းခြင်းများကို တွေ့ရပေသည်။ အရပ်အမောင်းမှာ ပျမ်းမျှအားဖြင့် မြန်မာတို့ထက် တစ်လက်မခန့် ပိုမိုမြင့်သည်ဟု (ဆာဂျော့စကော့) က ရှမ်းလူမျိုးတို့အကြောင်းတွင် ထည့်သွင်းရေးသားထား၏။

ရှမ်းလူမျိုးယောကျ်ားများမှာ ဆေးမင်ကြောင် စုတ်ထိုးအတတ်၌ မြန်မာတို့ထက်ပို၍ ကျွမ်းကျင်ကြ၏။ ရှေးကျသော ကျေးလက်သား ရှမ်းအမျိုးသားများမှာ ချက်အောက်မှ ဒူးအောက်သို့တိုင်အောင် ဆေးနက်ထိုးနှံခြင်းပြုလေ့ရှိသည့်အပြင် ကျော ရင် လက်မောင်းတို့၌လည်း ဆေးနီအလှထိုးနှံခြင်းပြုတတ်ကြသေး၏။ သံလွင်မြစ်အနောက်ဘက် တစ်လျှောက် ကျေးလက်သား ရှမ်းယောကျ်ားများမှာ အများအားဖြင့် ခြေသလုံး အလယ်လောက်မှ ချက်သို့တိုင်အောင် ဆေးနက်မင်ကြောင်များ ထိုးနှံလေ့ရှိခဲ့ကြ၏။ ရှေးအခါက စော်ဘွားနယ်ရှင်တို့၏ ကိုယ်ရံတော်သားများတွင် ဆေးနက်မင်ကြောင်ကို လည်ပင်းမှ ခြေမျက်စိသို့တိုင်အောင် ထိုးနှံထားလေ့ရှိ၍ အချို့မှာ မျက်နှာနှင့် လက်ဖမိုး၌ပင်လျှင်

mgyoe.com

mgyoe.com


ဆေးနက်မင်ကြောင် များရှိကြ၏။ အချို့မှာလည်း ထိုးရိုးထိုးစဉ် ဆေးနက် မင်ကြောင်များအပြင် အင်းအိုင်ဆေးဝါးနှင့် စပ်လျဉ်းသော ဆေးများကို ထိုးနှံခြင်းပြုတတ်ကြ၏။

သို့သော် မြန်မာပြည်မှာကဲ့သို့ပင် ဤအလေ့အထများ ဆုတ်ယုတ် ပျောက်ကွယ်စပြုလာလေပြီ။ ဆာဂျော့စကော့၏ အဆိုအားဖြင့်ကား ရှမ်းလူမျိုးတို့တွင် ထိုးကွင်းမင်ကြောင်ထိုးသော အတတ်ကို ကျွမ်းကျင်သူများသော်လည်း ဤအလေ့ထုံးစံမှာ မြန်မာတို့က အစပင်ဖြစ်သည်ဟု မှတ်ယူရန်ရှိ၏။

၎င်း၏အဆိုမှာ ယုတ္တိသင့်ပေသည်။ အကြောင်းသော်ကား တောင်ဘက်ပွားရှမ်းလူမျိုးဖြစ်သည့် ယိုးဒယားလူမျိုးများမှာ မင်ကြောင် စုတ်ထိုးအလေ့ မရှိသောကြောင့်တည်း။

ရှမ်းအမျိုးသမီးများမှာ မြန်မာအမျိုးသမီးများထက် အသားအရေ စိုပြည်ဝါဝင်းကြ၏။ သဘာဝတောတောင် စိမ့်စမ်းရေမြေဓာတ်ကြောင့်လည်းကောင်း အေးမြသောရာသီဥတုကြောင့် လည်းကောင်း လတ်ဆတ်သော ဝါးမျှစ်စို့ပေါက်ကဲ့သို့ ဖြူစင်ပြည့်တင်းသော အသားအရေနှင့် ပြည့်စုံသူများကြလေသည်။ ရှမ်းအမျိုးသမီးများ၏ မျက်နှာပေါက်မှာ ရှမ်းအမျိုးသားများ၏ မျက်နှာပေါက်ထက် မြန်မာနှင့်တူသည်ကိုတွေ့ရ၏။ ဤအချက်မှာလည်း ထူးခြားသောအချက်ပင် ဖြစ်ပေသည်။ မြို့ပြများတွင် နေထိုင်သည့် ရှမ်းအမျိုးသမီးများမှာ ယေဘုယျအားဖြင့် မြန်မာအမျိုးသမီးများနှင့် တူယောင်ယိုးမှားပင်ဖြစ်ကြပေသည်။

အထူးသဖြင့်ဝတ်ပုံစားပုံမှာ ယခုခေတ်၌ (တောအုံကျေးလက် အခေါင်အဖျားတွင် နေထိုင်သော ရှမ်းအမျိုးသမီးများမှတစ်ပါး) မြန်မာအမျိုးသမီးများနှင့် ခြားနားခြင်းမရှိတော့ပေ။ အဝတ်အဆင်ခေတ်ဆန်ရာတွင်ကား ရန်ကုန်မန္တလေးမှ အဝတ်အဆင်ကို လိုက်၍တုပသည်ဟု

mgyoe.com